International
Labour
Organization

# မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်အတွင်းရှိ ကလေးသူငယ်အလုပ်သမားဆိုင်ရာကိစ္စရပ်များကို မြန်ဆန်စွာ ဆန်းစစ်လေ့လာခြင်း – ၂၀၁၅



# မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်အတွင်းရှိ ကလေးသူငယ်အလုပ်သမားဆိုင်ရာကိစ္စရပ်များကို မြန်ဆန်စွာ ဆန်းစစ်လေ့လာခြင်း – ၂၀၁၅

International
Programme on
the Elimination
of Child Labour
(IPEC)


Fundamental Principles and Rights at Work Branch (FUNDAMENTALS)
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၅
ပထမအကြိမ်ထုတ်ဝေသည် ၂၀၁၅
ကမ္ဘာ့တစ်လွှားမူပိုင်ခွင့်သဘောတူညီချက်ကျင့်ဝတ် ၂ အရ အိုင်အယ်လ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှမူပိုင်ခွင့်အနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မည်သည့်မူလရင်းမြစ်မှကူးယူကြောင်းဖော်ပြပါက ခွင့်ပြုချက်ရယူမှုမရှိသော်လည်း အစိတ်အပိုင်းတို လေးများကိုထုတ်နုတ်ကိုးကားဖော်ပြခွင့်ရှိပါသည်။ ပြန်လည်ဆင့်ပွားခြင်း (သို့) ဘာသာပြန်မှုများအတွက် အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်း (လုပ်ပိုင်ခွင့်နှင့်ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာအပြည်ပြည်ဆိုင်အလုပ်သမားရုံး၊ CH-1211 ဂျီနီဗာ ၂၂၊ ဆွီဇလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားတောင်းခံရပါမည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ထိုကဲ့သို့ လျှောက်ထားမှုများကို လက်ကမ်းကြိုဆိုပါသည်။
စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားမှတ်ပုံတင်ထားသည့် ပြန်လည်ဆင့်ပွားအဖွဲ့အသည်းများကသူတို့ အားချမှတ်ပေးထားသည့်လိုင်စင်နှင့်အညီပြန်လည်ကူးယူနိုင်ပါသည်။ သင့်နိုင်ငံအတွင်းတွင်ရှိသော ပြန်လည်ဆင့်ပွားခွင့် www.ifrro.org သို့ဝင်ရောက်ကြည့်ရှုနိုင်သည်။
FPRW-IPEC
*မြန်မာနိုင်ငံ၊ ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုံရှိ ကလေးသူငယ်အလုပ်သမားများတွက် မြန်ဆန်သောစစ်တမ်းကောက်ယူခြင်း* /
International Labour Office, International Programme on the Elimination of Child Labour (IPEC) - Geneva: ILO, 2015.
ISBN: 978-92-2-830200-4 (Print); 978-92-2-830201-1 (Web PDF)
International Labour Office; ILO International Programme on the Elimination of Child Labour
child labour / child worker / working conditions / rapid assessment / industrial district / Myanmar - 13.01.2
အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။*Rapid Assessment on Child Labour in Hlaing Thar Yar Industrial Zone in Yangon, Myanmar* (ISBN 978-92-2-130200-1 (Print); 978-92-2-130201-8 (Web PDF)), Geneva: ILO, 2015
*ILO Cataloguing in Publication Data*

## အသိအမှတ်ပြုမှု

ဤပုံနှိပ်ထုတ်ဝေခြင်းအား အပြည်ပြည်ဆိုင်ရာကလေးသူငယ်အလုပ်သမားပပျောက်ရေးအစီအစဉ်အတွက် အကြံပေး Anna Zongollowicz မှ အသေးစိတ်စီစဉ်ပြင်ဆင်ပြီး ILO ရန်ကုန်ရုံး မြန်မာနိုင်ငံကလေးသူငယ်အလုပ်သမားပပျောက်ရေးအစီအစဉ်မှ Jodelen Ortiz Mintraမှ ညှိနှိုင်းဆောင်ရွက်သည်။ ILO ရန်ကုန်ရုံးမှ Piyamal Pichaiwongse, Lourdes Kathleen Santos-Macasil, Selim Benaissa, နှင်းဝတ်ရည်နှင့် အိဟေမာ၊ ILO အာရှနှင့်ပိစိဖိတ်ဒေသဆိုင်ရာရုံးမှ Simrin Singh၊ ILO ဌာနချုပ်မှ Bharati Pflug နှင့် Bijoy Raychaudhuri တို့မှ ထင်မြင်သုံးသပ်ချက်များ။ အကြံပြုဆွေးနွေးခြင်းနှင့် ထောက်ပံ့မှုဖြင့် ပံ့ပိုးပေးခဲ့ သည်။
ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် ရန်ပုံငွေအား အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ထောက်ပံ့ပေးသည်။ (Project MMR/13/10/USA).
ဤပုံနှိပ်ထုတ်ဝေခြင်းသည် မေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များဖော်ပြထားခြင်းမရှိပါ။ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းများဖြစ် သည်။

ILO ပုံနှိပ်ထုတ်ဝေခြင်းသည် ကုလသမဂ္ဂ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဝေပြီး တင်ပြမှုများတွင် ပါဝင်သောအကြောင်းအရာများသည်လည်း ILO က မည်သည့်နိုင်ငံ၊ ဒေသ (သို့) နယ်မြေများ၏အခြေအနေပေါ်မှ မူတည်ခြင်းမရှိပဲ တင်ပြထားခြင်းဖြစ်ပါသည်။
အမည်နှင့်တကွရေးသားဖော်ပြထားသည့် ဆောင်းပါးများ၏တွေးခေါ်ထင်မြင်ချက်၊ လေ့လာချက်နှင့် အခြားသတင်းဆောင်းပါးများသည် စာရေးသူနှင့်သာ သက်ဆိုင်ပြီးပုံနှိပ်ထုတ်ဝေရာတွင်လည်း ILO၏ရေးသွင်းချက် ထင်မြင်ယူဆချက်များလုံးဝမရှိပါ။
ILO အနေဖြင့်လုပ်ငန်းများ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် ဖြစ်စဉ်များ၏ အမည်နာမများအားထုတ်ဝေသည့် စာအုပ်တွင်ဖော်ပြရည်ညွှန်းခဲ့သော်သွယ်ဝိုက်၍ ထောက်ခံခြင်းမဟုတ်သလို မဖော်ပြပါကလည်း သဘောမကျမနှစ်သက်၍ မဖော်ပြခြင်းမဟုတ်ပါ။
ILO ပုံနှိပ်ထုတ်ဝေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်များကို အဓိကစာအုပ်ရောင်းသူထံမှတစ်ဆင့်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာဖြန့်ဝေသူများထံမှရရှိနိုင်မည်။ (သို့) ilo@turpin-distribution.com မှတစ်ဆင့်မှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.ilo.org/publns or contact ilopubs@ilo.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်: www.ilo.org/ipec**

ဓာတ်ပုံ- စီလင်းဗနဲစာ
မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။
ချမ်းသာပုံနှိပ်တိုက်မှ ဓာတ်ပုံပေါင်းစပ်သည်။

## မာတိကာ


**အနှစ်ချုပ်ဖော်ပြချက်** ........ င

**၁။ မိတ်ဆက်** ........ ၁

သုတေသနပြုလုပ်သည့်နေရာ ........ ၃

သုတေသနအဆိုကြမ်း ........ ၅

**၂။ လေ့လာရခြင်း၏ရည်ရွယ်ချက်များ** ........ ၆

**၃။ အသုံးပြုသည့်နည်းစနစ်** ........ ၆

ဦးတည်အုပ်စုနှင့် တွေ့ဆုံမေးမြန်းခြင်းများ (FGDs) ........ ၇

သက်ဆိုင်ရာအဓိကသတင်းအချက်အလက်များကိုပေးနိုင်သူများနှင့်လူတွေ့မေးမြန်းခြင်းများ (KIs) ........ ၈

စနစ်တကျပြင်ဆင်ထားသောမေးခွန်းပုံစံများနှင့်အတူ ကလေးသူငယ်များအား လူတွေ့ မေးမြန်းခြင်းများ ........ ၈

စံပြုကောက်ယူခြင်း ........ ၈

ကျင့်ဝတ်များ ........ ၁၀

သုတေသနဆိုင်ရာ ကန့်သတ်ချက်များ ........ ၁၁

ထိခိုက်စေနိုင်မှုဆိုင်ရာများစီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ထိန်းသိမ်းခြင်း ........ ၁၃

**၄။ တွေ့ရှိချက်များ** ........ ၁၄

မွေးဖွားခြင်း၊ သေဆုံးခြင်း အစရှိသည့်လူဦးရေဆိုင်ရာပြောင်းလဲမှုများအပါအဝင် ကလေးသူငယ်အလုပ်သမားများ၏ နေထိုင်ရေးနှင့် လုပ်ငန်းခွင်အခြေအနေများ ........ ၁၄

ရပ်ရွာလူမှုအသိုင်းအဝိုင်းအဆင့်တွင်သာမက အခြားသော အရေးပါသည့်အချက်များ၊ ဖြစ်စဉ်များနှင့် လွှမ်းမိုးမှုများ ........ ၃၀

ကလေးသူငယ်များနှင့် ၎င်းတို့၏အလုပ်ခွင်မိသားစုများအပေါ်တွင် ယခင် ပြုလုပ်ခဲ့သောစီမံချက်များမှ သက်ရောက်မှုများ ........ ၃၄

ဖြစ်ပေါ်လာနိုင်သည့် မိတ်ဆက် အစီအစဉ်များတွင် အလုပ်ရှင်များနှင့် ရပ်ရွာအာဏာပိုင်များ၏ သဘောထားများ ........ ၃၄

ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်၍ ကွဲပြားသောအုပ်စုများမှ ထင်မြင်ယူဆချက်များ.....................၃၅

**နိဂုံးချုပ်နှင့် တိုက်တွန်းထောက်ခံချက်များ** ........................................................................................၄၀

ဦးတည်လှုံ့ဆော်ပေးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်း သင်တန်း ...........................................................၄၀

ငယ်ရွယ်သူများနှင့် အရွယ်ရောက်သူများကို အလုပ်ခန့်အပ်ခြင်းအား ထောက်ပံ့ကူညီခြင်း .........................၄၄

ရပ်ရွာအတွင်း နိုးကြားအသိရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်း.......................................................................၄၅

စောင့်ကြည့်လေ့လာခြင်းနှင့် တရားဥပဒေအား လေးစားလိုက်နာစေခြင်း ......................................................၄၆

ထပ်မံလုပ်ဆောင်ရမည့်သုတေသနလုပ်ငန်း.................................................................................................၄၆

**ရည်ညွှန်းချက်များ** ..................................................................................................................................၄၇

## အနှစ်ချုပ်ဖော်ပြချက်

ဤမြန်ဆန်စွာဆန်းစစ်လေ့လာမှုသည် စက်မှုဇုန်များတွင် ကလေးသူငယ်အလုပ်သမားကာကွယ်ရေး စောက်ရှောက်ရေးနှင့် ပပျောက်ရေးအတွက်ကြားဝင်ကူညီခြင်း၏ပုံစံရယူရန် လှိုင်သာယာစက်မှုဇုန် အတွင်း ကလေးအလုပ်သမား အခြေအနေနှင့် နေထိုင်မှု၊ အလုပ်လုပ်ခြင်းနှင့် ပညာရေးအခြေနေအား အချက်အလက်ရယူရန်အတွက် ရည်ရွယ်သည်။ ၎င်းသည်ဖြစ်နိုင်သောကြားဝင်မှုအစီအစဉ်ဆောင်ရွက် ရန် ဒေသအာဏာပိုင်များ၊ အလုပ်ရှင်၏ သဘောထားများနှင့် ကလေးသူငယ်အလုပ်သမားပပျောက်ရန် အတွက် ဦးစားပေးအစီအစဉ်၏ အကျိုးရလဒ်၊ ကလေးသူငယ်အလုပ်သမားဆိုင်ရာ အဖွဲ့အမျိုးမျိုး၏ သဘောထားအမြင်များကို စုဆောင်းရန်အတွက်လည်းရည်ရွယ်သည်။

ဤဆန်းစစ်လေ့လာမှုကို နိုင်ငံတကာအဖွဲ့ ခေါင်းဆောင်များမှကြီးကြပ်၍ အတွေ့အကြုံ ပြည့်ဝသော ပြည်တွင်းမှ အချက်အလက်ကောက်ယူသူများနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အချက် အလက်များကောက်ယူရာတွင် မိဘများ၊ အလုပ်ရှင်များနှင့် ဆရာ၊ဆရာမများ အစရှိသဖြင့် ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်သော အရွယ်ရောက်ပြီးသူများနှင့် ဦးတည်အုပ်စုများ မေးမြန်းဆွေးနွေးခြင်း၊ အဓိကသတင်းအချက်အလက်ပေးနိုင်သူ (Key informant) များနှင့် လူတွေ့ မေးမြန်းခြင်းများ သာမက လှိုင်သာယာစက်မှုဇုန်အတွင်း၌ အလုပ်လုပ်နေသော ကလေးသူငယ်များနှင့် သတ်မှတ် မေးခွန်းပုံစံအခြေပြု (Questionnaire-based) လူတွေ့မေးမြန်းခြင်းများကိုလည်း လုပ်ဆောင်ခဲ့ ပါသည်။

**မြန်ဆန်စွာဆန်းစစ်လေ့လာမှု၏ အဖြေရလဒ်များမှ လှိုင်သာယာစက်မှုဇုန်အတွင်း ကလေးသူငယ် အလုပ်သမားများရှိကြောင်းကို အတည်ပြုနိုင်ခဲ့သည်။** လူတွေ့မေးမြန်းခဲ့သော မိန်းကလေး၊ ယောကျာ်း လေး အများစုမှာ အလုပ်လုပ်ရန်အတွက် တရားဝင်သတ်မှတ်ထားသည့် အသက်ထက် ငယ်ရွယ် နေခြင်း (သို့မဟုတ်) ၎င်းတို့အသက်အရွယ် အုပ်စုများအတွက် တရားဥပဒေအရသတ်မှတ် ထားသော အလုပ်လုပ်ချိန် ထက်ပို၍ရှည်ကြာစွာလုပ်ကိုင်ရခြင်းများရှိပြီး ကလေးသူငယ်အလုပ်သမားများ အဖြစ် သတ်မှတ်နိုင်ပါသည်။[1]

---

[1] လက်ရှိသတ်မှတ်ထားသည့်အနိမ့်ဆုံးအသက်အရွယ်ဖြစ်သည့် (၁၃)နှစ်မှာ တရားဝင်လုပ်ငန်းကဏ္ဍများဖြစ်သည့် ဆိုင်နှင့်စက်ရုံအလုပ်ရုံများဥပဒေအတွက်သာဖြစ်ပြီး ILO ၏အလုပ်လုပ်ရန်အနိမ့်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ် (C138)မှ ယေဘုယျ အပြည်ပြည်ဆိုင်ရာအဆင့်သတ်မှတ်ချက်စံနှုန်းဖြစ်သည့် (၁၄) နှစ်ထက်ပိုငယ်သည်။ တရားဥပဒေ သတ်မှတ် ချက်မူဘောင်တွင်းတွင် ဤကွာဟမှုကြောင့် ယခုလေ့လာမှုတွင် ကလေးသူငယ်အလုပ်သမားဆိုင်ရာ သတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုမှုများကို ပါဝင်ပတ်သက်သူ (stakeholder)များ အခြေပြု၍ အောက်ပါအတိုင်း သုံးစွဲဖော်ပြသည်။

၁. စီးပွားရေးလုပ်ငန်းများတွင် တစ်နေ့လျှင် (၁) နာရီထက်ပိုပြီး တစ်ပတ်လျှင် (၆) နာရီထက်ပို၍ ဝင်ရောက် လုပ်ကိုင်နေကြသော အသက် (၅)နှစ်မှ (၁၂)နှစ်အထိ ကလေးသူငယ်များ

၂. စီးပွားရေးလုပ်ငန်းများတွင် (က) တစ်နေ့လျှင် ၄နာရီထက်/ တစ်ပတ်လျှင် (၂၄)နာရီထက်ပိုသော (သို့မဟုတ်) ညနေ (၆) နာရီမှ မနက် (၆)နာရီအထိ လုပ်ကိုင်ရသော အသက် (၁၃)နှစ်မှ (၁၅)နှစ်ကြားကလေးသူငယ်များ

**လူတွေ့မေးမြန်းခဲ့သည့် ကလေးသူငယ်များ၏ တစ်ဝက်မှာ မြန်မာနိုင်ငံမှ အလုပ်လုပ်ရန် တရားဝင် သတ်မှတ်ထားသည့် အသက် (၁၃) နှစ်ထက်ငယ်သည်။** အသက်အငယ်ဆုံး အလုပ်လုပ်နေသည့် ကလေးငယ်မှာ (၈)နှစ်သာရှိပြီး သမားရိုးကျမဟုတ်သော တရားမဝင်လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသည်။ အခြားသော ကလေးငယ်တစ်ဝက်မှာ တရားဝင်အလုပ်လုပ်နိုင်သည့် အသက်ထက်လအနည်းငယ် ငယ်သော ပျမ်းမျှ(၁၂)နှစ်နှင့် (၅)လခန့်တွင်စတင်အလုပ်လုပ်ကြကြောင်း သိရှိရသည်။ ယောကျ်ားလေးများ စတင်အလုပ်လုပ်ရာတွင် မိန်းကလေးများထက်ပို၍ ငယ်ရွယ်ကြသည်ဟု အစီရင်ခံထားသည်။

**လူတွေ့မေးမြန်းခဲ့သည့် ကလေးသူငယ်အားလုံးနီးပါးသည် မတူညီသောလူအုပ်စုအမျိုးမျိုးအတွက် တရားဝင် သတ်မှတ်ထားသည့် အများဆုံး အလုပ်လုပ်ချိန်နာရီထက် ကျော်လွန်လုပ်ကိုင်နေကြရသည်။** (၁၃) နှစ်မှ (၁၅) နှစ်အတွင်းရှိ ကလေးအများစုမှာ အထည်ချုပ်စက်ရုံအသေးစားများအပါအဝင် တစ်နေ့လျှင် (၄) နာရီထက်ပို၍ လုပ်ကိုင်နေကြရပြီး အသက် (၁၆)နှစ် (၁၇)နှစ် ရှိကလေးများ၏ ၈၉.၁ ရာခိုင်နှုန်းမှာ တစ်ပတ်လျှင် နာရီ (၄၀) ထက်ပို၍ အလုပ်လုပ်နေကြသည်။ ဤလေ့လာမှုတွင် အလုပ်လုပ်ချိန်နာရီများ (သို့မဟုတ်) ယောကျ်ားလေး၊ မိန်းကလေးများ အကြားလုပ်ခလစာများနှင့် ပတ်သက်၍ အဓိကကွာခြားချက်များကို မတွေ့ရှိခဲ့ပါ။ ထို့အတူ စိတ်ဝင်စားဖွယ်ရာပင် ညနေ (၆)နာရီမှ မနက်(၆)နာရီအတွင်း အလုပ်လုပ်ရသော ကလေးသူငယ် တစ်ဦးတစ်ယောက်ကိုမှလည်း မတွေ့ရှိခဲ့ပါ။ မိန်းကလေးများသည် ယောကျ်ားလေးများထက် မိသားစုပြင်ပတွင် လုပ်အားခဖြင့် အလုပ်လုပ်ရခြင်းအပြင် အိမ်မှုကိစ္စများအတွက် အချိန်ပိုပေးရကြောင်းတွေ့ရသည်။

**ကလေးသူငယ်များသည် ရေသန့်ပို့ခြင်း၊ အထည်ချုပ်ခြင်းများမှအစ ကျယ်ပြန့်စုံလင်သော လုပ်ငန်းအထွေထွေတွင် ဝင်ရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရသည်။** ကလေးသူငယ်များ၏ အသက်အရွယ်နှင့် ၎င်းတို့ရရှိသည့် လုပ်အားခပမာဏမှာ အပြန်အလှန်ဆက်သွယ်မှုရှိသည်။ ပို၍ အသက်ငယ်ရွယ်သော ကလေးငယ်များသည် ကျွမ်းကျင်မှု အနည်းငယ်စီလိုအပ်မှုကြောင့် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများမှ ပိုမိုနည်းပါးသော ပမာဏကိုသာ ရရှိကြသည်။ ဤလေ့လာမှုမှ တွေ့ရှိချက်အရ

---

၃ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသော အသက် (၁၆) (၁၇)ရှိသည့် ကလေးသူငယ်များ (အလုပ်သမားဥပဒေအရ အရွယ်ရောက်ပြီးသူများဟုသတ်မှတ်သော) (က) ရက်သတ္တပတ်လျှင် (၄၄) နာရီထက်ပိုသော (သို့မဟုတ်) ည (၆)နာရီမှ မနက် (၆)နာရီအတွင်းအလုပ်လုပ်ရသော

"အိမ်မှုကိစ္စများ" သို့မဟုတ် မိမိ၏ အိမ်ထောင်စုအတွင်း လုပ်ဆောင်ရသည့်အလုပ်များနှင့် "လုပ်ခမရသော အိမ်ထောင်စုတွင်း လုပ်ကိုင်ပေးရသည်များ"ကို စီးပွားရေးလုပ်ငန်းများဟု မသတ်မှတ်ပါ။ သို့သော် "အိမ်တွင်းလုပ်ငန်း" သို့မဟုတ် မိမိကိုယ်ပိုင်အိမ်ထောင်စု၏ပြင်ပတွင် လုပ်ဆောင်ရသည့် လုပ်ခရရှိသော၊ မရရှိသော အလုပ်အားလုံးကို စီးပွားရေးဆိုင်ရာလုပ်ဆောင်မှု/လုပ်ငန်း အဖြစ်သတ်မှတ်သည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်သည် ၂၀၀၈ခုနှစ်၊ နိုင်ငံတကာ လုပ်သားများဆိုင်ရာ စာရင်းအင်းပညာရှင်များ ညီလာခံ (ICLS)မှ ဆုံးဖြတ်ချက် (၁၈)တွင် သတ်မှတ်ဖော်ပြထားသော နိုင်ငံတကာကလေးအလုပ်သမားများဆိုင်ရာ တိုင်းတာမှု ကိန်းဂဏန်း စံနှုန်းများနှင့် အလုံးစုံကိုက်ညီမှုမရှိပါ။

အသက်ငယ်ရွယ်သော ကလေးသူငယ်များသည် ပိုမိုအသက်အရွယ်ကြီးသော ကလေးငယ်များထက် တရားဝင် သမားရိုးကျမဟုတ်သော၊ စည်းမျဉ်းစည်းကမ်းနှင့် အညီလုပ်ကိုင်ခြင်း မဟုတ်သော လုပ်ငန်းခွင်များတွင် ပိုမိုလုပ်ကိုင်နေကြဖွယ်ရှိပြီး သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်တွင်း အခြေအနေကိုစောင့်ကြပ်ထိန်းသိမ်းပေးရန် အခက်အခဲဖြစ်စေသည်။

**တရားဝင်သမားရိုးကျလုပ်ငန်းကဏ္ဍများတွင် အထူးသဖြင့် အထည်ချုပ်နှင့် စားသောက်ကုန် စက်ရုံများသည်လည်း ကလေးသူငယ်များကို အလုပ်ခန့်ထားကြသည်။** စားသောက်ကုန်စက်ရုံတစ်ခုတွင် အသက် (၁၃)နှစ်အောက်ကလေးသူငယ်များကို အလုပ်ခန့်ထားသည်ကိုတွေ့ရပြီး အထည်ချုပ် စက်ရုံတစ်ခုတွင် အသက် (၁၃)နှစ်နှင့်အထက်ကလေးသူငယ်များကို အလုပ်ပေးထားသည်ကို တွေ့ရသည်။ စက်ရုံငယ်များသည် စက်ရုံကြီးများထက် အသက် (၁၃) နှစ်မှ (၁၅)နှစ် အရွယ်ကလေးများကို ပိုမိုခန့်ထားသည်ကိုတွေ့ရသည်။

**တရားဝင်သမားရိုးကျမဟုတ်သော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော ကလေးသူငယ်များသည် ကြီးမားသော နာမကျန်းဖြစ်မှုနှင့် ထိခိုက်ဒဏ်ရာရမှု ဘေးအန္တရာယ်များ ပို၍ တွေ့ကြုံကြရသည်။** ခန္ဓာကိုယ် ကိုက်ခဲခြင်းများ၊ ကြွက်သားနာကျင်ခြင်းများနှင့် ခေါင်းကိုက်ခြင်းများကို ကလေးသူငယ် အတော်များများလုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစားမျိုးစုံမှ တန်ပြန်ခံစားရခြင်းများ ဖြစ်ကြောင်း သိရှိရသည်။ အဆောက်အအုံပြင်ပတွင် အလုပ်လုပ်ရခြင်း၊ လေးလံသည့် အရာများကို ဆွဲရ၊ တွန်းရခြင်းနှင့် အလွန်ကြာညောင်းစွာ ကုန်း၍အလုပ်လုပ်ရခြင်းများသည် ကလေးသူငယ်များ အားလုံးတွင် တွေ့ကြုံရသည့် ကိစ္စရပ်များဖြစ်ပြီး ဖုန်မှုန့်များ/အခိုးအငွေ့များနှင့် အလွန်ပူလောင်သော အရာများသည် ၎င်းတို့၏ လုပ်ငန်းခွင်တွင်း အဖြစ်အများဆုံး ဘေးအန္တရာယ် များဖြစ်သည်။

**လုပ်ငန်းခွင်သို့ဝင်ရောက်လုပ်ကိုင်သည့် ကလေးသူငယ်များသည် အများအားဖြင့် ငါးတန်း၊ခြောက်တန်း ပညာသင်ပြီးသည်နှင့် အလုပ်လုပ်ရန်အတွက် ကျောင်းထွက်ကြသည်ကို တွေ့မြင်ရသည်။** ၎င်းတို့အနေဖြင့် ကျောင်းပညာရေးစနစ်တွင် ပြန်လည်ပေါင်းစည်းမိရန် ခက်ခဲသွားကြပြီး အများသော အားဖြင့် အလုပ်မလုပ်လျှင် ဆုံးရှုံးသွားမည့် အခွင့်အရေး၊ ကျောင်းစရိတ်များနှင့် စိတ်ဝင်စားမှု နည်းပါးခြင်း၊ လေ့လာသင်ယူလိုစိတ် မရှိကြတော့ ခြင်းကြောင့် ဖြစ်သည်။

**ကလေးသူငယ်အလုပ်သမားအများစုအကြားတွင် ၎င်းတို့၏မိသားစုများကို ထောက်ပံ့ကူညီရန်အတွက် တာဝန်ရှိသည်ဟုခံယူကာ အလုပ်လုပ်ကြသူနှုန်းလွန်စွာများပြားပြီး တစ်ဦးတည်းဦးဆောင်ရသော အိမ်ထောင်စုများတွင် ပို၍ပင်များပြားသည်။ များသောအားဖြင့် မိခင်တစ်ဦးတည်းသာဦးဆောင်ရသည့် အိမ်ထောင်စုများဖြစ်သည်။ ဆင်းရဲသောမိဘများသည်လည်း ကလေးသူငယ်များအနေဖြင့် မိသားစု အတွင်း ငွေကြေးကူညီထည့်ဝင်သင့်သည်ဟု ထင်နေသည်များလည်းရှိသည်။** တစ်ဦးချင်းစီရှင်သန် ရပ်တည်နိုင်မှုအတွက် မိသားစုတစ်ခုလုံး ရှင်သန်ရပ်တည်နိုင်မှုအပေါ်တွင် အပြန်အလှန် မှီခိုရခြင်းမျိုး ဖြစ်သည်။

**ဆင်းရဲနွမ်းပါးမှုသည် ကလေးသူငယ်အလုပ်သမားများအတွက် အဓိကအကြောင်းရင်းဖြစ်သကဲ့သို့ မှန်ကန် ကောင်းမွန်သော ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှုမရှိခြင်း** သည်လည်း ကလေးသူငယ်အလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ကာကွယ်တားဆီးရန်နှင့် ပပျောက်စေရန်ရည်ရွယ်၍ ဥပဒေပြုပြဋ္ဌာန်းလိုက်နာစေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကစိမ်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အလုပ်ရှင်များ၏ဖော်ပြချက်အရ ၎င်းတို့သည် ကလေးသူငယ်များကို အလုပ်ခွင်အတွင်းခိုင်းစေရန် လွတ်လွတ်လပ်လပ်စုဆောင်းခေါ်ယူသည်ထက် ဆင်းရဲသောမိသားစုများမှ မိဘများက ၎င်းတို့၏ကလေးငယ်များကို ငှားရမ်းခိုင်းစေရန် တောင်းဆို ကြခြင်းများကို တုံ့ပြန်ကူညီရန်အတွက် ခေါ်ယူခိုင်းစေခြင်းများကပိုများသည်ဟုဆိုသည်။ ထို့အပြင် အလုပ်ရှင်များမှလည်း ကလေးသူငယ်များသည် အရွယ်ရောက်ပြီးသူများထက် ပို၍ကျိုးနွံလိုက်နာပြီး အားကိုးရသည်ဟု ယူဆနေသည်များလည်းရှိသည်။ ကလေးသူငယ်များနှင့် အလုပ်ရှင်များအကြားတွင် ယေဘုယျတူညီသည့် မျှော်လင့်ချက်တစ်ခုမှာ ကလေးများအနေဖြင့် ၎င်းတို့ အလုပ်လုပ်သည့်နေရာနှင့် အလုပ်လုပ်နေစဉ်ကာလအတွင်း လုပ်ငန်းကျွမ်းကျင်မှုအတတ်ပညာများကို ကြိုးစားသင်ယူသင့်သည် ဟူသောအချက်ဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်အခြေခံ၍ လုပ်အားခရှင်းပေးသည့် ပုံစံကြောင့် ဤကဲ့သို့ထင်မြင်ယူဆကြခြင်း ဖြစ်ဖွယ်ရှိသည်။

လက်ရှိအစီရင်ခံစာရှိ အချက်အလက်များမှ ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြနေသည့်ကွာဟချက်မှာ အသက် (၁၃) နှစ်အောက် ကလေးများအလုပ်လုပ်ခြင်းမှ ကာကွယ်တားဆီးနိုင်ရန်နှင့် အလုပ်လုပ်ရန် အသက် ပြည့်မီသူများအတွက် သင့်တော်ကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော အလုပ်အကိုင်များ ပေးအပ်နိုင်ရန် ဖြစ်သည်။ ထို့ကြောင့် အောက်ပါကြားဝင်ကူညီဆောင်ရွက်မှုများကို လုပ်ဆောင်ရန် တိုက်တွန်း ပါသည်။

**ရပ်ရွာအသိုင်းအဝိုင်းနှင့် စက်မှုဇုန်အတွင်း အသိအမြင်မြှင့်တင်ခြင်းများပြုလုပ်ရန်။** ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်၍ စိတ်ဓာတ်အတွေးအခေါ် များ၊ အမူအကျင့်များကို ပြောင်းလဲနိုင်ရန် ပထမဦးဆုံးအရေးကြီးသောအဆင့်မှာ ရပ်ရွာခေါင်းဆောင် များ၊ အဖွဲ့ဝင်များ၊ မိဘများအပါအဝင် ကလေးသူငယ်များ ဆရာ၊ဆရာမများမှ ယေဘုယျအားဖြင့် ကလေးသူငယ်အလုပ်သမားကြောင့် မိသားစုများ၊ ရပ်ရွာနှင့် လူအဖွဲ့အစည်းများကို ထိခိုက်စေမည့် ဘေးအန္တရာယ်များနှင့် ရေရှည်ပြဿနာ၊ အခက်အခဲများကို နိုးကြားစွာသတိပြုသင့်ပါသည်။ ထိုနည်းတူစွာ အလုပ်သမားများ၊ အလုပ်ရှင်များ၊ သက်ဆိုင်ရာဥပဒေရေးရာအဖွဲ့အစည်းများနှင့် အလုပ်သမား စစ်ဆေးရေးအရာရှိများကို ဦးတည်၍ အသိအမြင်စေရန် စုစည်းဆွေးနွေးခြင်းများလည်း ဆောင်ရွက်သင့်ပါသည်။

ဥပဒေနှင့်အညီဆောင်ရွက်မှု ယန္တရားကိုအားကောင်းစေရန် ဆောင်ရွက်ခြင်း။ လက်ရှိဆောင်ရွက်နေသော အလုပ်သမားဥပဒေနှင့် ပညာရေးဆိုင်ရာပြုပြင် ပြောင်းလဲရေးတွင် ILO မှချမှတ်ထားသော သက်ဆိုင်ရာပြဋ္ဌာန်းချက်(convention) များမှ နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် အလုပ်လုပ်ကိုင်ရန် အနိမ့်ဆုံး တရားဝင်အသက် သတ်မှတ်ချက်၊ ဘေးအန္တရာယ်ရှိသောလုပ်ငန်းခွင်၊ အလုပ်ချိန်များ၊ လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများနှင့် တရား ဥပဒေနှင့်အညီအရေးယူ

ဆောင်ရွက်မည့် စနစ်များကို ထည့်သွင်းစဉ်းစား သင့်ပါသည်။ အလုပ်သမား စစ်ဆေးရေးအရာရှိများ၊ အလုပ်သမားဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်များဆိုင်ရာ အဖွဲ့အစည်း များနှင့် အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကိုလည်း ကလေးသူငယ် အလုပ်သမားဆိုင်ရာများကို စောင့်ကြည့်ထိန်းသိမ်းနိုင်စေရန်အတွက် မြှင့်တင်ပေးသင့်ပြီး လက်ရှိ လုပ်ဆောင်နေသူများ၊ အဖွဲ့အစည်းများရှိပါက ပိုမိုကောင်းမွန်ကျယ်ပြန့် လာစေရန် ဆောင်ရွက်ပေး သင့်သည်။

**အိမ်ထောင်စုများရှိ မိဘများနှင့် အခြားအရွယ်ရောက်ပြီးသူများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆောင်ရွက်ပေးခြင်း။** အရွယ်ရောက်ပြီးသူများကို အလုပ်အကိုင်ရရန် ပံ့ပိုးကူညီခြင်းများ၊ အထူးသဖြင့် လေ့လာတွေ့ရှိချက်များအရ အလုပ်မလုပ်သော၊ သို့မဟုတ် လုံလောက်သောအလုပ်မရရှိသော မိခင်များ (သို့မဟုတ်) ကျပန်းအလုပ်လုပ်ကျသည့် ဖခင်များကို သင့်တော်ကောင်းမွန်ပြီး တည်ငြိမ်သော အလုပ်များရရှိစေခြင်းသည် ကလေးသူငယ်များ ကိုအရွယ်မရောက်မီ လုပ်ငန်းခွင်အတွင်းဝင်ရောက်စေခြင်းမှ တားဆီးကာကွယ်နိုင်မည် ဖြစ်သည်။ ကျားမလိင်ကွဲပြားမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အဓိကကျသောအချက်မှာအသက်မွေးဝမ်း ကျောင်းအလုပ်များ တိုးတက်ကောင်းမွန်စေရန်အတွက် အစီအစဉ်တကျ ရေးဆွဲစီမံထားသော ကြားဝင် အကူအညီပေးသည့် လုပ်ငန်းစဉ်များသည် မရှိမဖြစ်အရေးပါသည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများတွင် အလုပ်လုပ်နေသည့် ကလေးသူငယ်၏ ပတ်ဝန်းကျင်အနေအထားနှင့် လိုက်လျောညီထွေရှိစေခြင်း။** ဦးတည်လုံ့ဆော်မှုအသက်မွေးဝမ်း ကျောင်းသင်တန်းများ ၏အရေးပါပုံနှင့် သက်ဆိုင်ရာအကြောင်းအရာများကို ကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများ အနေဖြင့် ကိုယ်တိုင်ကောင်းစွာသိရှိခြင်း (သို့မဟုတ်) နားလည်သဘောပေါက်ခြင်း မရှိပါက ထိုအချက်ကို မည်သည့်လုပ်ငန်းအစီအစဉ်ပင်ဖြစ်စေ မစတင်မီ ကြိုတင်သိမြင်သဘောပေါက် စေရန် လုပ်ဆောင်သင့်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများကို လက်လှမ်းမီရရှိမှု တိုးမြှင့်လာ စေရန်လည်း လုပ်ဆောင်ရန်လိုအပ်သည်။ ထို့အပြင် မည်သည့်သင်ရိုးညွှန်းတမ်းပင်ဖြစ်စေ ကလေး သူငယ်၏ နောက်ခံလူမှုစီးပွားရေးဆိုင်ရာအချက်များနှင့် အလုပ်လုပ်ကိုင်ရန် စိတ်ဝင်စားတက်ကြွမှု၊ ၎င်းတို့ လုပ်ကိုင်နေရသည့် ရှည်လျားသောအလုပ်ချိန်၊ တွေ့ကြုံလုပ်ကိုင်ခဲ့ရသည့် ပင်ပန်းနွမ်းနယ်မှုနှင့် အလုပ်ရှင်များထံမှ ခွင့်ပြုချက်ရရှိသော အနည်းငယ်မျှသောအချိန် စသည်တို့ကို ထည့်သွင်းစဉ်းစား သင့်သည်။ ကလေးများအနေဖြင့် မည်သည့်သင်တန်းတွင်မဆို ၎င်းတို့၏အချိန်နှင့်အားထုတ်ကြိုးပမ်းမှု ကို လာရောက်မြုပ်နှံ လုပ်ကိုင်ရာတွင်အလုပ်ရှင်၏ ခွင့်ပြုချက်လိုအပ်မည်ဖြစ်သည်။ ထိုသို့လုပ် ဆောင်ခြင်းဖြင့် ငယ်ရွယ်သောကလေးငယ်များကို ကျောင်းပြန်တက်ရန် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပြီး ပိုမိုအသက်ကြီးသော ကလေးများအနေဖြင့်လည်း ၎င်းတို့အနာဂတ်တွင် ပိုမိုတိုးတက် ကောင်းမွန်သော အနေအထားရောက်အောင် လုပ်ဆောင်ပေးမည့် ကျွမ်းကျင်မှုအရည်အချင်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ အစီအစဉ်များသည် ၎င်းတို့အတွက် ဖြည့်စွက်ထပ်ဆောင်းပေးမည့်

သင်ကြားမှု ပုံစံများဖြစ်သင့်ပြီး ၎င်းတို့အနေဖြင့် တတ်ကျွမ်းနားလည်ပြီးဖြစ်သော အတတ်ပညာများကို မနီးယိုးစွဲ ပုံတူ ထပ်မံသင်ကြားခြင်းအစား တန်ဖိုးဖြည့်စွက်မြှင့်တင်ပေးသော၊ အခမဲ့ပေးသော ဦးတည်လှုံ့ဆော်သော ကျွမ်းကျင်မှု အတတ်ပညာများဖြစ်သင့်သည်။

ဤအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဖြစ်နိုင်ဖွယ်ရှိသောစံပုံစံများမှာ ပို၍ အသက်ကြီးသောကလေးများအတွက် သင့်တော်သည့် သင်ယူနေရင်းတစ်ဖက် ဝင်ငွေရှာသည့်ပုံစံ ဖြစ်ပြီး သို့မဟုတ်ပါက ဝင်ငွေမရှိတော့သဖြင့် ၎င်းတို့၏ပညာသင်ကြားရေးကို ဆက်လက်မတက် ရောက်ခြင်း၊ ကျောင်းပြန်မတက်ရောက်ခြင်းများဖြစ်နိုင်သည်။ လုပ်ငန်းခွင်တွင်း အလုပ်သင်ပုံစံသည် လည်း ကလေးသူငယ်များနှင့် အလုပ်ရှင်များအကြားအကျိုးစီးပွား ချိန်ညှိပေးသည့်ပုံစံဖြစ်ပြီး စည်းကမ်းတကျ ဖြစ်ရမည်ဖြစ်ကာ မတရားညှင်းပန်းမှုမျိုးမှ ကင်းလွတ်စေရမည်။ အခြေအနေပေါ် မူတည်၍ ငွေကြေးထောက်ပံ့ပေးသည့် စနစ်သည် မကြာသေးမီကာလအတွင်း ကျောင်းထွက်ထားပြီး မူလအတိုင်း ပြန်လည်တက်ရောက်နိုင်သေးသော (သို့မဟုတ်) မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် ကျောင်းထွက် အလုပ်လုပ်ခါနီးဖြစ်နေသော ကလေးသူငယ်များ၏ မိသားစုများ၊ မိခင်များအတွက် အသင့်တော်ဆုံးဖြစ်သည်။ စာသင်ကျောင်းအခြေပြုအလုပ်သင်ပုံစံသည် ကျောင်းထွက်ရခါနီးဆဲ ဖြစ်နေသော အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူများ အတွက် အထောက်အကူဖြစ်မည့် ကလေးသူငယ်များအနေဖြင့် ၎င်းတို့နှစ်သက်ရာ၊ သက်ဆိုင်ရာ ဒေသ/နိုင်ငံ၏ ကျွမ်းကျင်မှုအရည်အချင်းလိုအပ်ချက်များနှင့် လျော်ညီသော အတတ်ပညာ၊ သက်မွေးပညာအမျိုးမျိုး ကို အခြေခံပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း ပေါင်းစပ်သင်ယူနိုင်မည် ဖြစ်သည်။

**ထပ်မံသုတေသနပြုလုပ်ခြင်း (သို့မဟုတ်) လေ့လာခြင်း။** စက်မှုဇုန်အတွင်း ပိုမိုပြည့်စုံကောင်းမွန် စေရန်အတွက် အခြားအသုံးဝင်သော လေ့လာရမည့် အချက်များမှာ ကလေးသူငယ်များနှင့် ငယ်ရွယ်သူများအတွက် ပညာရေးနှင့် သင်တန်းကျောင်းများဆိုင်ရာ မြေပုံရေးဆွဲခြင်း၊ ကလေးသူငယ် အလုပ်သမားများအတွက် လူမှုရေးဆိုင်ရာလှုပ်ရှားလုပ်ဆောင်မှုနှင့် အလုပ်ထွက်ခြင်း၊ လမ်းပေါ် ကလေးများ၏ နေထိုင်ရေးနှင့် အလုပ်ခွင်ဆိုင်ရာအခြေအနေများ၊ ကလေးသူငယ်များအတွက် ရရှိနိုင်မည့် အလုပ်အမျိုးအစားများနှင့် အရွယ်ရောက်သူ ရွှေ့ပြောင်းအလုပ်သမားများကြောင့် ကလေးသူငယ်များ အပေါ်တွင်သက်ရောက်မှုစသည်တို့ဖြစ်သည်။ ထိုလေ့လာမှုအားလုံးတွင် ကျား၊မ လိင်ကွဲပြားမှု ရှုထောင့်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

## ၁။ မိတ်ဆက်

ကလေးသူငယ်အလုပ်သမားဆိုသည်မှာ "ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ ကလေးဘဝ၊ ဖြစ်လာနိုင်မည့် အလားအလာနှင့် ၎င်းတို့၏ဂုဏ်သိက္ခာကို ခံစားခွင့်မရစေဘဲ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်စေနိုင်သည့်အလုပ်များ" ကိုလုပ်ကိုင်နေရသူများဖြစ်သည်။[2] ၎င်း၏ ထိခိုက်နစ်နာစေတတ်သောသဘာဝအရ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မှ အနည်းငယ်သော ထိခိုက်သက်ရောက်စေသော ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ရပ်ဖြစ်သည်။[3] အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO)၏ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ကလေးသူငယ်အလုပ်သမားပေါင်း (၁၆၈)သန်း ခန့်ရှိပြီး အများစုမှာ အာရှနှင့် ပစိဖိတ်ဒေသများတွင်ဖြစ်သည်။[4] ထိုကိန်းဂဏန်းများသည် ၂၀၀၀ ခုနှစ်တွင်ခန့်မှန်းထားသည့်နှုန်းဖြစ်သော ကလေးသူငယ်အလုပ်သမားပေါင်း (၂၄၈)သန်းထက် ကျဆင်းသွားသော်လည်း အကျိုးသက်ဆိုင်သူပေါင်းမျိုးစုံပါဝင်၍ ကျယ်ပြန့်စွာဖြေရှင်းရမည်ဖြစ်သော ထိခိုက်လွယ်သည့်ကိစ္စတစ်ရပ်အနေဖြင့် ကျန်ရှိနေဆဲဖြစ်သည်။

ဆင်းရဲနွမ်းပါးမှု၊ ပညာရေးအတွက် ကုန်ကျစရိတ်အတားအဆီးများနှင့် ထိရောက်သော အလုပ်သမားဥပဒေပြဋ္ဌာန်းဆောင်ရွက်မှု မရှိခြင်းတို့သည် ကလေးသူငယ်အလုပ်သမားများ တည်ရှိနေမှု၏အချို့သော အကြောင်းအရာများဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူမှုမှ ထွက်ပေါ်လာသည်မှာ မြန်မာနိုင်ငံတွင် အသက် (၁၀)နှစ်မှ (၁၇)နှစ် အတွင်းရှိ ကလေးသူငယ် ၇,၈၆၂,၅၇၆ ယောက်ရှိပြီး အလုပ်လုပ်နေသူများ၏ ၂၃.၇ ရာခိုင်နှုန်းရှိသည်။[5] ဤဖြစ်စဉ်ကြီး၏ အတိုင်းအတာပမာဏကို ILO ၏ နိုင်ငံ အနှံ့ကောက်ယူသော လုပ်သားအင်အားဆိုင်ရာစစ်တမ်း၏ ရလဒ်များကို ထုတ်ဝေလျှင် အဖြေသိရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်၍ လေ့လာရာတွင် အခက်အခဲတစ်ခုမှာ အမျိုးသား ဥပဒေပြဋ္ဌာန်းချက်နှင့် နိုင်ငံတကာအသိအမှတ်ပြုထားသော ကန့်သတ်ချက်များနှင့် စံနှုန်းများအကြား ချိန်ညှိထားမှုမရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အလုပ်သမားဥပဒေဟု သီးသန့်မရှိဘဲ လက်ရှိအသုံးပြုနေသော ဆက်ဆိုင်ရာဥပဒေများသည်လည်း နိုင်ငံတကာအလုပ်သမားစံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် ပြန်လည်သုံးသပ်ခြင်းနှင့် တိုးမြှင့်ရေးဆွဲခြင်းများ ပြုလုပ်ရန်လိုအပ်လျက်ရှိသည်။ အရေးပါသော သတိပြုမှတ်သားထားရမည့်အချက်မှာ ပြုပြင်

---

[2] အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အလုပ်သမား ပပျောက်ရေးအစီအစဉ်၊ ကလေးသူငယ်အလုပ်သမားဆိုသည်မှာ အဘယ်နည်း။ http://www.ilo.org/ipec/facts/lang--en/index.htm.

[3] လူ့အခွင့်အရေးစောင့်ကြည့်ရေး (၂၀၁၄)။ ဆေးရွက်ကြီးလုပ်ငန်းမှ ဖုံးကွယ်ထားသောကလေးသူငယ်များ၊ အမေရိကန်နိုင်ငံ ဆေးရွက်ကြီးစိုက်ခင်းများမှ အန္တရာယ်ကျရောက်နေသော ကလေးသူငယ်အလုပ်သမား၊ https://www.hrw.org/sites/default/files/reports/us0514_UploadNewNew.pdf

[4] http://www.ilo.org/global/topics/child-labour/lang--en/index.htm

[5] UNFPA (၂၀၁၅)၊ ၂၀၁၄ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း http://countryoffice.unfpa.org/myanmar/2015/05/25/12157/myanmar_census_2014/.

ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်အလုပ်သမားဆိုင်ရာ ကိစ္စရပ်များသည်လည်း ကိုင်တွယ်လုပ်ဆောင်လျက် ရှိပါသည်။

ဈေးဆိုင်များနှင့် အခြားဖွဲ့စည်းတည်ထောင်မှုအက်ဥပဒေတွင် အသက် (၁၃) နှစ်အောက်ငယ်သည့် ကလေးသူငယ်များကို မည်သည့်ဆိုင်အမျိုးအစားတွင်မဆို အလုပ်လုပ်ခွင့်မပြုဘဲ စီးပွားရေးအရ တည်ထောင်ထားသည့် လုပ်ငန်း (သို့မဟုတ်) အများပြည်သူဖျော်ဖြေရေးအတွက် ဖွဲ့စည်း တည်ထောင်ထားသည့်နေရာများတွင်လည်း အလုပ်လုပ်ခွင့်မရှိပါ။ ထို့အပြင် ထပ်မံရည်ညွှန်းဖော်ပြ ထားသည်မှာ ဆိုင်တစ်ဆိုင်တွင် (သို့မဟုတ်) စီးပွားရေးအရတည်ထောင်ထားသည့်လုပ်ငန်း (သို့မဟုတ်) အများပြည်သူဖျော်ဖြေရေးလုပ်ငန်းများတွင် မည်သူမှတစ်နေ့လျှင် (၈) နာရီ (သို့မဟုတ်) ရက်သတ္တပတ်လျှင် (၄၈) နာရီထက်ပို၍ အလုပ်လုပ်ခွင့်မပြုဟုပါရှိသည်။ ၁၉၅၁ စက်ရုံအလုပ်ရုံများ ဆိုင်ရာ အက်ဥပဒေတွင်လည်း အသက်(၁၃)နှစ်အောက်ကလေးငယ်များကို စက်ရုံများတွင် အလုပ်လုပ်ခြင်းကို တားမြစ်ထားပြီး (၁၃) နှစ်နှင့် အထက်ကျော်လွန်သောကလေးငယ်များ အနေဖြင့် စက်ရုံများတွင် အလုပ်လုပ်ကိုင်လိုပါက ကျန်းမာသန်စွမ်းကြောင်းထောက်ခံချက် လက်မှတ်ပါရှိရန် လိုအပ်သည်။ ထို့အပြင် အသက် (၁၃) နှစ်မှ (၁၅)နှစ်ကြားကလေးသူငယ်များအနေဖြင့် မည်သည့် စက်ရုံတွင်မဆို တစ်နေ့လျှင် (၄) နာရီထက်ပို၍သော်လည်းကောင်း ညနေ (၆)နာရီမှ မနက် (၆)နာရီ အတွင်းတွင်သော်လည်းကောင်း အလုပ်လုပ်ခွင့်မပြု။ အသက် (၁၆)နှစ် (၁၇)နှစ် ကလေးများ အနေနှင့်မူ တစ်ပတ်လျှင် (၄၄)နာရီအထိ အလုပ်လုပ်ခွင့်ရှိသည်။ လက်ရှိကလေးသူငယ်ဆိုင်ရာ ဥပဒေအရ "ကလေးသူငယ်" ဆိုသည်မှာ အသက် (၁၆)နှစ် မပြည့်သေးသူများဟု သတ်မှတ်ထား သည်။[6] အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဌာန (FGLLID) မှထပ်တိုး စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းထားသော်လည်း ထိုဥပဒေများသည် ILO ပြဋ္ဌာန်းချက်များတွင် ပြဋ္ဌာန်းထားသော အနိမ့်ဆုံး အသက် သတ်မှတ်ချက်နှင့် ကွဲလွဲလျက်ရှိပြီး ကလေးသူငယ်အလုပ်သမား အများအပြားရှိနေသည်ဟု ယုံကြည်ရသည့် သမားရိုးကျ မဟုတ်သော တရားမဝင် စီးပွားရေး လုပ်ငန်းများတွင် အလုပ်လုပ် နေသည့် ကလေးငယ်များအတွက် အကျုံးမဝင်ပေ။ ကလေးသူငယ်များ အတွက်ဘေးအန္တရာယ်ရှိသော အလုပ်များနှင့် ပတ်သက်၍မူ သတ်မှတ်ခြင်း၊ စီစဉ်ရေးဆွဲခြင်း မပြုရသေးပါ။

လက်ရှိတရားဝင်အငယ်ဆုံးအသက် ၁၃ နှစ်သည် သမားရိုးကျကဏ္ဍဖြစ်သည့် စက်ရုံများ၊ ဆိုင်များနှင့် အလုပ်ဌာနများအတွက်သာသက်ဆိုင်ပြီး ယေဘုယျအားဖြင့် အိုင်အယ်လ်အိုံ၏ အငယ်ဆုံးအသက် ပြဋ္ဌာန်းချက် အမှတ်-၁၃၈ မှ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းဖြစ်သောအသက် ၁၄နှစ်အောက် ငယ်သည်။ ဥပဒေမူဘောင်တွင်း ပေးထားသောဤကွာဟချက်က လက်ရှိလေ့လာမှုက ပါဝင် ပတ်သက်သူများအားအခြေပြုသည့် ကလေးသူငယ်အလုပ်သမား၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုခဲ့ သည်။ ကလေးသူငယ်အလုပ်သမားဟုဆိုရာတွင် -

[6] ကလေးသူငယ်ဥပဒေကို လက်ရှိတွင် မြန်မာနိုင်ငံအစိုးရမှ မူကြမ်းရေးဆွဲနေပြီဖြစ်သည်။

- တစ်ရက်(၁)နာရီ/ တစ်ပတ် (၆)နာရီအတွက် စီးပွားရေးလုပ်ငန်းတွင်လုပ်ရသော အလုပ် အသက် ၅-၁၂နှစ်ရှိကလေးများ
- တစ်ရက်လျှင် ၄နာရီ/ တစ်ပတ် (၂၄)နာရီ (သို့) ည ၆နာရီမှ နံနက် ၆နာရီကြား စီးပွားရေး လုပ်ငန်းတွင် လုပ်ကိုင်နေသော အသက်၁၃-၁၅နှစ်ရှိ ကလေးများ
- (က) တစ်ပတ်လျှင် ၄၄နာရီထက်ပိုအလုပ်လုပ်ရသော သို့မဟုတ် (ခ) ည၆နာရီမှ နံနက်၆နာရီ ကြား စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်ရသော (အလုပ်သမားဥပဒေမှ "အရွယ်ရောက်သူ များ"ဟုယူဆသူ) အသက် ၁၆-၁၇နှစ်ရှိကလေးများ

  "အိမ်တွင်းကိစ္စများ" သို့မဟုတ် ကိုယ်ပိုင် မိသားစုလုပ်ငန်းများမှအလုပ်များနှင့် "အခကြေးငွေ မရရှိသော အိမ်တွင်းဝန်ဆောင်မှုလုပ်ငန်း" များအား စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မယူဆပါ။ သို့သော်လည်း "အိမ်ကူအလုပ်" သို့မဟုတ် မိမိ မိသားစုအလုပ်မဟုတ်ပဲ အပြင်ထွက် လုပ်ရ သောအလုပ်၊ အခကြေးငွေရသည်ဖြစ်စေ မရသည်ဖြစ်စေ ထိုကဲ့သို့သောစီးပွားရေးလုပ်ငန်းများ ကို အိမ်ကူအလုပ်ဟုခေါ်နိုင်ပါသည်။

| နေ့စဉ်အလုပ်လုပ်ချိန် | အလုပ်လုပ်သည့် ကလေးအသက်အပိုင်းအခြား | | |
|---|---|---|---|
| | ၁၃ နှစ်အောက် | ၁၃-၁၅ | ၁၆-၁၇ |
| **>၄နာရီ (သို့) <=၈နာရီ** | ကလေးသူငယ် အလုပ်သမား | ကလေးသူငယ်အလုပ်သမား | |
| **>၈နာရီ** | | | ကလေးသူငယ်အလုပ်သမား |

## သုတေသနပြုလုပ်သည့်နေရာ

နိုင်ငံတော်အဆင့်နှင့် ပြည်တွင်းမှသက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်မှုများအပေါ်တွင် အခြေခံ၍ ရန်ကုန်မြို့တွင် လှိုင်သာယာမြို့နယ်ကို ကလေးသူငယ်အလုပ်သမား အများဆုံးပျံ့နှံ့ တည်ရှိရာနေရာ မြို့နယ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ထိုနေရာသည် ရန်ကုန်မြို့နှင့် ဝေးကွာသော မြို့သစ်တစ်ခု ဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ထိုနေရာသည် ရန်ကုန်မြို့တွင် အကြီးဆုံး စက်မှုဇုန်တစ်ခု ဖြစ်ပြီး နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့် ထုတ်လုပ်ရေးလုပ်ငန်းများ တည်ရှိရာလည်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ရှိအချက်အလက်များအရ လှိုင်သာယာစက်မှုဇုန်သည် (၆၇) စတုရန်းကီလိုမီတာခန့်ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း (၂၀)နှင့် ကျေးရွာအုပ်စု (၉) စုပါဝင်သည်။ ထိုဒေသသည် အထည်ချုပ်လုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများ အတွက် အဓိက အခြေချရာနေရာဖြစ်သည်။ စက်မှုဇုန်အတွင်းတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီများစွာ လည်ပတ်လျက်ရှိပြီး[7] အစိုးရအခြေခံပညာမူလတန်းကျောင်း (၄၆) ကျောင်း၊ အလယ်တန်းကျောင်း (၈) ကျောင်းနှင့် အထက်တန်းကျောင်း (၄) ကျောင်းရှိပါသည်။ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) သည်လည်း ဤဒေရိယာအတွင်းတွင် တည်ရှိပါသည် (စက်မှုဇုန်အတွင်းမဟုတ်)။[8] ထောက်ပံ့ကူညီမှုရယူ၍ ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိုယ်ပိုင်သင်တန်းများ ဖွင့်လှစ်ထားသည်များလည်း ရှိပါသည်။ ဥပမာအားဖြင့် IT ပညာရေးသင်တန်းဖြစ်ပြီး ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ရံပုံငွေဖြင့် ဝင်ငွေနည်းပါးသောမိသားစုများအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၊ နိုင်ငံတကာအိမ်တွင်းသက်မွေးပညာသင်တန်းကျောင်းကဲ့သို့သောပုဂ္ဂလိက လုပ်ငန်းခွင်သင်တန်းများလည်းရှိသည်။[9]

YCDC မှရသောအချက်အလက်များအရ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ထိုဒေသအတွင်းနေထိုင်သူပေါင်း ၃၄၀,၀၀၀ ရှိသည်ဟုဆိုသည်။ ထိုဧရိယာအတွင်းတွင် နေထိုင်သောလူဦးရေသည် ပထမဆုံးအကြိမ်အဖြစ် တနိုင်ငံလုံးမှ မြို့တွင်းနေ ပြည်သူ ၁.၅ သန်းခန့်ကို မြို့ဆင်ခြေဖုံး၊ ကျေးလက်ဧရိယာများသို့ပင် ရွှေ့ပြောင်းစေခဲ့သည့် ၁၉၈၉-၉၀ အစိုးရ၏ ပြန်လည်နေရာချထားရေး အစီအစဉ်ကြောင့် တိုးပွားလာခဲ့သည်။[10] ရန်ကုန်မြို့တွင် ယခင်ကဘုရားပုထိုးများနှင့် ဘုန်းကြီးကျောင်းဝင်းများအတွင်း ကျူးကျော်နေထိုင်သူများကို လှိုင်သာယာအပါအဝင် စက်မှုဇုန်များသို့ ရွှေ့ပြောင်းစေခဲ့သည်။[11]

---

[7] MIMU (မြန်မာနိုင်ငံသတင်းအချက်အလက်စီမံခန့်ခွဲရေးဌာန) (၂၀၀၉)။ လှိုင်သာယာမြို့နယ်ဆိုင်ရာအချက်များ၊ ဧပြီလ ၂၀၀၉၊ www.themimu.info

[8] ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီဝဘ်ဆိုက်ဒ်မှ ရယူထားသည့်အချက်အလက်ဖြစ်ပါသည်။

[9] ဤမြန်ဆန်စွာဆန်းစစ်လေ့လာမှုအတိုင်းအတာအရ အချက်အလက်ကောက်ယူသူများကို လှိုင်သာယာမြို့နယ်အတွင်းရှိ ကိုယ်ပိုင်သင်တန်းကျောင်းများ၊ စင်တာများ၏ အရေအတွက်အတိအကျနှင့် ၎င်းနေရာများကို လက်လှမ်းမှီ သွားလာနိုင်မှု စရိတ်၊ အရည်အသွေးစသည်တို့ကို မကောက်ယူစေခဲ့ပါ။ ထိုနေရာရှိ ပြည်သူပိုင်၊ ပုဂ္ဂလိကနှင့်ပူးတွဲပိုင်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းခွင်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းကျောင်းများ တည်ရှိရာ၊ ဖွင့်လှစ်ခြင်း/ပိတ်သိမ်းခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း အစရှိသည့် အချက်များကို သုတေသနထပ်မံပြုလုပ် စုစည်းရန်လိုအပ်ပါသည်။

[10] Bosson,A (၂၀၀၇) မြန်မာနိုင်ငံတွင်အစိုးရမှ စီမံဖန်တီးထားသော နေရာများသို့ အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း/ နေရာဖယ်ရှားခြင်းများ” ၊ နေရာရွှေ့ပြောင်းဖယ်ရှားခြင်းများဆိုင်ရာ စောင့်ကြည့်ထိန်းသိမ်းရေးစင်တာ (IDMC) နော်ဝေ ဒုက္ခသည်များဆိုင်ရာကောင်စီ၊

[11] Lubeigt, Guy (၂၀၀၇) မြန်မာနိုင်ငံရှိ စက်မှုဇုန်များနှင့် ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမား”၊ ဗမာပြည် လက်ရှိအခြေအနေဆိုင်ရာအစည်းအဝေး၊ ဩစတေးလျအမျိုးသားတက္ကသိုလ်၊ http://www.burmalibrary.org/docs4/BU-2006-Lubeigt.pdf

ရန်ကုန်တစ်မြို့တည်းတွင်ပင် လူဦးရေ (၅၀၀,၀၀၀)ခန့် ရွှေ့ပြောင်းရသည်ဟု ယူဆရသည်။[12] ဒုတိယ အကြိမ်လူဦးရေ တိုးပွားလာမှုမှာ ၂၀၀၈ ခုနှစ်မေလအတွင်းဖြစ်ပွားခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ တွင် ကျယ်ပြန့်ကြီးမားစွာ ထိခိုက်ခြင်းနှင့် သေကျေပျက်စီးခြင်းများ ဖြစ်စေခဲ့သော နာဂစ် ဆိုင်ကလုန်း မုန်တိုင်းအပြီးတွင်ဖြစ်သည်။ ယနေ့လက်ရှိ လှိုင်သာယာမြို့နယ်တွင် အလုပ်အကိုင်ပေါင်းများစွာရှိ သည်ဟုယူဆရပြီး မြန်မာနိုင်ငံအနှံ့အပြားမှ ရွှေ့ပြောင်းလုပ်သားများကို ဆက်လက်ဆွဲဆောင်နေဆဲ ဖြစ်သည်။[13]

ထိုမြို့နယ်သည် ယေဘုယျအားဖြင့်ဘေးကင်းလုံခြုံမှုမရှိဘဲ ရပ်ကွက် (၁၉) ကဲ့သို့သော နေရာများတွင် လုယက်မှုများ[14] ၊ အသက်မပြည့်သေးသူများကို စစ်သားအဖြစ်ခိုင်းစေရန် ခေါ်ဆောင်သွားခြင်းများ၊ ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်းနှင့် ရပ်ရွာတွင်းမလိုလားသည့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းကြခြင်း (သို့မဟုတ်) ကျူးကျော်နေထိုင်သူများ ဖြစ်သည့် ရွှေ့ပြောင်းအလုပ်သမားများထံမှ ဈေးငွေကို မတန်တဆတောင်းယူခြင်း စသဖြင့် အုပ်စုဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်း များရှိကြောင်း သိရသည်။[15]

လူမှုရေးအရစည်းလုံးညီညွတ်မှုမရှိခြင်း၊ လူတို့၏ရွှေ့ပြောင်းသွားလာမှုပုံစံ၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း (သို့မဟုတ်) ရဲ၊ အာဏာပိုင်များမှ ရာဇဝတ်မှုကျူးလွန်သူများနှင့် လက်ဝါးချင်းရိုက် လုပ်ဆောင်ကြခြင်း၊ စသည့်အချက်တို့ကြောင့် လှိုင်သာယာသည် ဘေးကင်းလုံခြုံမှုမရှိယုံသာမက အနိုင်ကျင့် ခေါင်းပုံဖြတ် ခြင်းနှင့် နှိပ်စက်စော်ကားခြင်း အများအပြားကိုဖြစ်စေပြီး အထူးသဖြင့် ကလေးသူငယ်များမှာ ထိခိုက် လွယ်ကြသူများဖြစ်သည်။

## သုတေသနအဆိုကြမ်း

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ လှိုင်သာယာစက်မှုဇုန်သည် ရန်ကုန်မြို့နှင့် အခြားသော ဒေသ၊ ပြည်နယ် များမှ အလုပ်သမားများကိုဆွဲဆောင်လျက်ရှိပြီး ကလေးသူငယ်အလုပ်သမားအဖြစ်များသော နေရာ ဖြစ်သည်။ အခြားသော အကြောင်းရင်းများထက် မိသားစုများမှ စီးပွားရေးမပြေလည်မှုများ၊ မိဘများနှင့် အလုပ်ရှင်များ၏ လူမှုဓလေ့ထုံးတမ်းဆိုင်ရာ သဘောထားများ၊ တရားဥပဒေအရ ပြတ်သားမှုမရှိခြင်း များနှင့် တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ အရွယ်ရောက်သူများအနေဖြင့် ဝင်ငွေမလုံလောက်ခြင်း၊

---

[12] Bosson၊ အတင်းအကျပ်ရွှေ့ပြောင်းစေခြင်း

[13] နီနီအောင် (၂၀၁၃) လှိုင်သာယာမြို့နယ်တွင်းရှိ တရားမဝင်နေထိုင်သူများခက်ခဲသည့်ဆုံးဖြတ်ချက်များကို ရင်ဆိုင်နေရ၊ http://www.mmtimes.com/index.php/national-news/yangon/8182-in-hlaing-tharyar-illegal-residents-face-tough-decisions.html.

[14] Bounty,M.(၂၀၁၄)။ကြီးမားသည့်ရန်ကုန်မြို့မှ မြို့ပြဆင်းရဲနွမ်းပါးမှု- မြို့ပြနေဆင်းရဲနွမ်းပါးမှုအကြောင်း အကြောင်းရင်း နှင့် အကျိုးဆက်များကို အရည်အသွေး အခြေပြု ဆန်းစစ်လေ့လာခြင်း၊ P-30.WFP, UNICEF, UN-HABITAT.

[15] ILO မြန်ဆန်စွာဆန်းစစ်လေ့လာမှုအဖွဲ့၏ ဝေဖန်အသိပေးမှုများ။

ကလေးသူငယ်များ၏ ပညာရေးနှင့် လေ့လာသင်ယူမှုဆိုင်ရာ အရည်အချင်းများအတွက် လုံလောက်သောအထောက်အပံ့ပစ္စည်းနှင့် အခွင့်အလမ်းများမရှိခြင်းတို့ကြောင့်ဖြစ်သည်။

## ၂။ လေ့လာရခြင်း၏ရည်ရွယ်ချက်များ

ဤမြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုခြင်းသည် စက်မှုဇုန်များတွင် ဝင်ရောက်ကြားဝင်ကူညီမှုများအတွက်ပုံစံရေးဆွဲရာတွင် သိရှိနိုင်ရန်အတွက် ကလေးသူငယ်အလုပ်သမားများ၏ နေထိုင်ရေး၊ အလုပ်ခွင်နှင့် ပညာရေးအနေအထား၊ အခြေအနေဆိုင်ရာ အချက်အလက်များ ရယူနိုင်ရန် ဖြစ်သည်။ ထို့အပြင် မတူကွဲပြားသောအုပ်စုများမှ ကလေးလုပ်သားနှင့်ပတ်သက်သော ထင်မြင်ယူဆချက်များ၊ ကလေးသူငယ်အလုပ်သမားပပျောက်ရေးအတွက် ယခင်လုပ်ဆောင်ခဲ့သည့် အစီအစဉ်များ၏ သက်ရောက်မှုများနှင့် ဖြစ်လာနိုင်ဖွယ်ရှိသည့် ကြားဝင်ကူညီမှုအစီအစဉ်များအပေါ်တွင် အလုပ်ရှင်များနှင့် ရပ်ရွာအာဏာပိုင်များ၏သဘောထားများကို သိရှိနိုင်ရန်လည်း ရည်ရွယ်သည်။

အစိုးရနှင့် အလုပ်သမားများဆိုင်ရာအဖွဲ့အစည်းများမှ ILO သို့ ဖော်ထုတ်တင်ပြမှုများအရ စက်မှုဇုန်များတွင် သမားရိုးကျပုံစံမဟုတ်သော ပညာရေးဆိုင်ရာ ကြားဝင်ကူညီမှုများကို ဆောင်ရွက်ပေးစေလိုပြီး ဤဆန်းစစ်လေ့လာမှုသည် ထိုကဲ့သို့သော ကြားဝင်ကူညီမှုပုံစံများအတွက် အသိပေးတင်ပြနိုင်ရန် ရည်ရွယ်သည်။ လေ့လာမှုတွင် ပါဝင်ခဲ့သော အလုပ်ရှင်များသည်လည်း ချမှတ်ထားသည့် ပန်းတိုင်သို့ အရောက်လှမ်းရန် ကောင်းစွာလိုလားမှုရှိပြီး ILO နှင့်လည်းချိတ်ဆက်ဆောင်ရွက်လိုကြသည်။ ဆက်လက်လုပ်ဆောင်မည့်သုတေသနတွင် အလုပ်ရှင်များ၏ လိုအပ်ချက်များနှင့် နည်းဗျူဟာများအပေါ်တွင် အာရုံစိုက်ဆောင်ရွက်မည်ဖြစ်ပြီး ထိုဧရိယာအတွင်း သမားရိုးကျ ပုံစံမဟုတ်သော ပညာရေးအတွက် ကြားဝင်ကူညီမှုများကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့အနေဖြင့် "အကယ်၍၊ မည်သို့၊ အဘယ့်ကြောင့်" ထောက်ပံ့ကူညီကြသည်ဟူသော အချက်များကို ဆုံးဖြတ်သတ်မှတ်ရန်လိုပေလိမ့်မည်။

## ၃။ အသုံးပြုသည့်နည်းစနစ်

ဤသုတေသနသည် ILO မှ My-PEC ဝန်ထမ်းများ၏ကြီးကြပ်မှုနှင့်အတူ နိုင်ငံတကာကျွမ်းကျင်အတိုင်ပင်ခံပုဂ္ဂိုလ်များမှစီစဉ်ရေးဆွဲထားခြင်းဖြစ်သည်။ ဆောင်ရွက်ခဲ့သည့်နည်းလမ်းမှာ မတ်လ (၁၄) ရက်နေ့တွင် ကနဦးစမ်းသပ်ကောက်ယူခြင်း ဖြစ်သည်။ ပြည်တွင်းမှရွေးချယ်ခေါ်ယူထားသော အချက်အလက်ကောက်ယူသူ (၅)ဦးပါအဖွဲ့တစ်ဖွဲ့နှင့် ကြီးကြပ်သူတစ်ဦးတို့သည် ဧပြီလ (၁) ရက် နေ့မှ (၈)ရက်နေ့အတွင်း လှိုင်သာယာ ရပ်ကွက် (၁)၊ (၂)၊ (၄)၊ (၅) နှင့် (၇) တို့တွင် အချက်အလက်များကောက်ယူခဲ့ပြီး သာယာကုန်း၊ သမဲကုန်း၊ ရွှေလီပန်းနှင့် ထိန်ပင်ဧရိယာများတွင်လည်းကောက်ယူခဲ့သည်။ လေ့လာမှုဆိုင်ရာအချိန်နှင့် ပတ်သက်၍ ရပ်ရွာအာဏာပိုင်များ၏ လမ်းညွှန်

ချက်ကိုရယူဆောင်ရွက်ခဲ့ပါသည်။ သုတေသနတွင်အသုံးပြုခဲ့သည့် နည်းစနစ်[16] (Tools) သုံးခုမှာ အသက် (၇)နှစ်မှ (၁၇)နှစ်အကြား ကလေးငယ်များနှင့် ပုံစံကျဖွဲ့စည်းထားသော မေးခွန်းများဖြင့် လူတွေ့မေးမြန်းခြင်း (Structured interviews)၊ အဓိကသတင်းအချက်အလက်ပေးနိုင်သူများဖြင့် လူတွေ့မေးမြန်းခြင်း (key informant interviews)၊ ဦးတည်အုပ်စုများဖြင့်ဝိုင်းဖွဲ့ဆွေးနွေးခြင်း (Focus group discussions) များဖြစ်ပါသည်။ စီမံချက်အစပိုင်း အဆင့်တွင် လျှို့ဝှက်ထားရန် လိုအပ်သည့် ကိစ္စရပ်များကြောင့် ကလေးသူငယ်အများစုကို ၎င်းတို့၏နေအိမ်များတွင်သာ သွားရောက်မေးမြန်းခဲ့ပါသည်။

စစ်တမ်းကောက်ယူသူများသည် အသက်အရွယ်မည်မျှရှိကြောင်းကို ကလေးသူငယ်များကိုသာ မေးမြန်းပြီး ကောက်ယူခဲ့ကြပါသည်။ ကလေးငယ်ကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ မိဘများ မှ ၎င်းတို့၏ အသက်ကို မှန်ကန်ကြောင်းပြသရန် မလိုအပ်ပါ။[17] သုတေသနဆိုင်ရာ နည်းစနစ်များသည် ILO မှ FPRW-SIMPOC နှင့်တိုင်ပင်ဆွေးနွေးပြီး ဖော်ထုတ်ပြင်ဆင်ထားခြင်းဖြစ်သည်။

## ဦးတည်အုပ်စုနှင့် တွေ့ဆုံမေးမြန်းခြင်းများ (FGDs)

မိဘများ၊ အလုပ်ရှင်များ၊ NGOs/CBOs/ CSO နှင့်အတူ FGD များကိုစုစုပေါင်း (၆) ကြိမ်လုပ်ဆောင်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းရာတွင် ကျား/မ လိင်ကွဲပြားမှုဆိုင်ရာအထူးပြု အမြင်ရှုထောင့်များကိုသိရှိနိုင်ရန်နှင့် ကျား/မ လိင်ကွဲပြားမှုကြောင့်ချန်လှပ် စီစစ်မေးမြန်းနေရခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် လိင်တူအုပ်စုများခွဲ၍သာ ဆောင်ရွက်ခဲ့ပါသည်။ ဥပမာအားဖြင့် မိဘများကိုမေးမြန်းရာတွင် အိမ်ထောင်စုတွင်း၌ တွေ့ရသောအနေအထားနှင့် အိမ်ထောင်စုပြင်ပတွင်တွေ့ရသော အနေအထားများမှာ တူညီထပ်ဟပ်မှုမရှိနိုင်ခြင်းမျိုးဖြစ်သည်။ ဦးတည်အုပ်စုမေးမြန်းရာတွင် ပါဝင်သူ (၆) ဦးမှ (၁၀) ဦးအထိရှိပြီး မေးမြန်းချိန် (၄၅)မိနစ်မှ မိနစ်(၉၀) အထိကြာပါသည်။

မေးမြန်းခဲ့သည်များမှာအောက်ပါအတိုင်းဖြစ်သည်။

---

[16] နောက်ဆက်တွဲတွင်ကြည့်။

[17] FGLLID မှ အရွယ်မရောက်သေးသည့်ကလေးငယ်များ အလုပ်လုပ်နေသည့် စက်ရုံများစာရင်းကို ILO သို့ပေးအပ်ခဲ့ပါသည်။ FGLLID အနေနှင့်ထိုစာရင်းများကို ထိပ်တန်းလျှို့ဝှက်အနေဖြင့် ထားရှိရန် မေတ္တာရပ်ခံခဲ့ပြီး ၎င်းတို့၏ ဝန်ထမ်းများသည်လည်း သုတေသနကိုကောင်းစွာအကူအညီပေးခဲ့ပါသည်။ သို့သော်အသက်အငယ်ဆုံးကလေးငယ်ထံသို့ မရောက်ရှိနိုင်ခဲ့ပါ။ စီမံခန့်ခွဲသူများနှင့် သက်ဆိုင်ရာအာဏာပိုင်များသည် လူတွေ့မေးမြန်းရာတွင် ပါဝင်လျက်ရှိနေသောကြောင့် စက်ရုံများတွင် လူတွေ့မေးမြန်းရာ၌ စီစဉ်ထားသည့်အတိုင်း မဖြစ်ခဲ့ပါ။ စစ်တမ်းကောက်ယူသူများအနေဖြင့် လူတွေ့ မေးမြန်းမည့်ကလေးငယ်ကို ၎င်းတို့၏သဘောဆန္ဒအတိုင်းရွေးချယ်ခွင့်မရဘဲ ကြားနေပုဂ္ဂိုလ် တစ်ဦးဦးမှ စီစဉ်ရွေးချယ်ပေးသော ကလေးများကို မေးမြန်းခဲ့ရပြီး ၎င်းတို့မှာ အသက် (၁၇) (၁၈) နီးပါးရှိကြပါသည်။

- ကလေးသူငယ်အလုပ်သမားများ၏မိခင်များ (၁)
- ကလေးသူငယ်အလုပ်သမားများ၏ဖခင်များ (၁)
- ကလေးသူငယ်အလုပ်သမားများ၏ အမျိုးသမီး အလုပ်ရှင်များ (၁)
- ကလေးသူငယ်အလုပ်သမားများ၏ အမျိုးသား အလုပ်ရှင်များ (၁)
- NGO, CBO, CSO များမှ အမျိုးသမီး ဝန်ထမ်းများ (၁)
- NGO, CBO, CSO များမှ အမျိုးသား ဝန်ထမ်းများ (၁)

## သက်ဆိုင်ရာအဓိကသတင်းအချက်အလက်များကိုပေးနိုင်သူများနှင့်လူတွေ့မေးမြန်းခြင်းများ (KIs)

ဤမေးမြန်းခြင်းများကို ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊[18] သက်ဆိုင်ရာအာဏာပိုင်များ (ဥပမာ FGLLID မှ တာဝန်ရှိသူများနှင့် အလုပ်သမားဆိုင်ရာစစ်ဆေးရေးအရာရှိများ)၊ ရပ်ရွာတွင်းမှ လုပ်သားများ (NGO/CBO/CSO)၊ ကျန်းမာရေးလုပ်သားများနှင့် ဆရာ/ဆရာမများ အစရှိသူတို့နှင့် ပြုလုပ်ခဲ့ပါသည်။ မေးမြန်းမှုတစ်ခုစီသည် (၄၅)မိနစ်မှ (၆၀)မိနစ်အတွင်းကြာမြင့်ပါသည်။ မေးမြန်းမှုအားလုံးကို မြန်မာဘာသာစကားဖြင့်သာပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သုတေသနပြုလုပ်သူများအနေဖြင့် မေးမြန်းနေစဉ် အတွင်း လိုက်လံရေးမှတ်ခြင်းကိုသာ ပြုလုပ်ခဲ့ပြီး အသံဖမ်းယူမှတ်တမ်းတင်ထားခြင်း မရှိခဲ့ပါ။ ပါဝင်ဆွေးနွေးသူများ အနေဖြင့်လွတ်လပ်စွာ ပြောဆိုနိုင်စေရန်နှင့် အချက်အလက်များကို လျှို့ဝှက်ထားရှိရန် အာမခံသည့်အနေဖြင့် အသံဖမ်းယူခြင်းကို ရှောင်ရှားခဲ့ပါသည်။

## စနစ်တကျပြင်ဆင်ထားသောမေးခွန်းပုံစံများနှင့်အတူ ကလေးသူငယ်များအား လူတွေ့မေးမြန်း ခြင်းများ

ပုံစံချပြင်ဆင်ထားသော၊ မေးခွန်းပုံစံအခြေပြု လူတွေ့မေးမြန်းခြင်းများကို ကလေးသူငယ်အလုပ်သမား အယောက်(၁၀၀)ဖြင့် လုပ်ဆောင်ခဲ့ပါသည် (ယောကျာ်းလေး ၅၀၊ မိန်းကလေး ၅၀)။ လှိုင်သာယာတွင် အသက် (၇)နှစ်မှ (၁၇)နှစ်အတွင်းရှိ ကလေးငယ်များကို ၎င်းတို့၏အလုပ်ခွင်နှင့် အိမ်များတွင် သွားရောက် မေးမြန်းခဲ့ပါသည်( ညနေပိုင်းအချိန်များတွင်)။ မေးခွန်းပုံစံသည် ကလေးသူငယ်အလုပ် သမားများ၏ နောက်ခံအကြောင်းရင်း အချက်အလက်များကိုသိရှိနိုင်စေရန်နှင့် ၎င်းတို့၏အလုပ်ခွင်ဆိုင် ရာ အခြေအနေနှင့် ပတ်ဝန်းကျင် အနေအထားများကို သိရှိနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်သည်။

## စံပြုကောက်ယူခြင်း

ဤလေ့လာမှုအတွက် ဖြစ်နိုင်သည့် (သေချာပေါက်)အခြေအနေ/အလားအလာများ အပေါ်တွင် အခြေမပြုသော စံပြုကောက်ယူမှု (non-probability sampling methods) သုံးမျိုးကို အသုံးပြုခဲ့

[18] ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များမှာ ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် ခရစ်ယန်ဘုန်းတော်ကြီးများဖြစ်သည်။ အဖွဲ့ကြီးကြပ်သူမှ အစ္စလာမ်ဘာသာရေးဆရာကို မေးမြန်းနိုင်ရန် ကြိုးပမ်းခဲ့သေးသော်လည်း လက်မခံဘဲငြင်းပယ်ခဲ့သည်။

ပါသည်။ အချိုးကျစံပြုကောက်ယူမှု၊ စေတနာ့ဝန်ထမ်းများကို စံပြုကောက်ယူမှုနှင့် နှင်းဘောလုံး (snow-balling) ပုံစံ ကောက်ယူမှုများဖြစ်သည်။

အချိုးကျစံပြုကောက်ယူမှုနည်းလမ်းကို မေးခွန်းပုံစံအခြေပြု လူတွေ့မေးမြန်းရာတွင် ကလေးသူငယ် အလုပ်သမားအဖြစ် သတ်မှတ်ခွဲခြားနိုင်ရန်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သုတေသနပြုလုပ်သူများမှ ကလေးသူငယ်များ ၏ကျား/မလိင်ကွဲပြားမှု၊ အသက်အရွယ်နှင့် နေရာအနေအထားများအပေါ်တွင် မူတည်၍ ကလေးသူငယ်အလုပ်သမားများအဖြစ် ရွေးချယ်သတ်မှတ်ပါသည်။ ယခင်ပြုလုပ်ခဲ့သည့် သုတေသန အတွေ့အကြုံများအရ လုပ်ငန်းခွင်တစ်ခုထဲမှ ကလေးငယ်ပေါင်းများစွာကို မေးမြန်းပါက (ဥပမာ အားဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲမှ စားပွဲထိုးကလေး (၁၀)ယောက်) မေးမြန်းခံရသော ကလေး သည် ဖြေပြီးနောက် ၎င်း၏အတွေ့အကြုံကို အခြားကလေးများအားပြန်ပြောခြင်း၊ ၎င်းတို့ ဖြေဆိုခဲ့သည့်မှတ်မိသမျှသော အချက်များကို ပြောပြခြင်းများဖြင့် (လွယ်လင့်တကူဖြေကြခြင်း၊ စိတ်ဝင်စားမှု လျော့ကျခြင်းစသဖြင့်) အခြေအနေကို အချိန်တိုအတွင်း ကောင်းစွာမြင်ယောင် သိရှိသွား စေသည်။ ထိုသို့သောအခြေအနေများကို ကန့်သတ်ရန်အတွက် နေရာတစ်နေရာတွင် ယောကျ်ားလေး/ မိန်းကလေး (၅) ယောက်စီကိုသာ အများဆုံးမေးမြန်းခဲ့သည်။

အချိုးကျကောက်ယူမှုသည် ဖြစ်တန်စွမ်းကို အခြေမပြုသော စံပြုကောက်ယူသည့်ပုံစံ ဖြစ်သဖြင့် အချို့ ကလေးငယ်များသည် အရွေးချယ်ခံရခွင့် လုံးဝမရှိခြင်း (သို့မဟုတ်) အရွေးချယ်ခံရမည့် အခြေအနေကို လုံးဝမသိခြင်းစသဖြင့် ကျပန်းကောက်ယူမှု အခြေခံလိုအပ်ချက်ကို မပြည့်မီဘဲ ရလဒ်များတွင် ဘက်လိုက်ခြင်း၊ စံပြုပုံစံများယွင်းခြင်းများဖြစ်စေနိုင်သည်။ သို့သော်လည်း ဤနည်းစနစ်သည် မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုရာ၌ လုပ်ဆောင်ရန် လွယ်ကူမြန်ဆန်ခြင်းနှင့် အချို့သောအုပ်စုများကို ကိုယ်စားပြုတင်ပြရာတွင် အလွန်အကျွံမဖြစ်သွားစေခြင်း အစရှိသည့် အကျိုး ကျေးဇူးများကို ရရှိစေသည်။ ထို့အပြင် အချိုးကျကောက်ယူမှုသည် အုပ်စုများကို နှိုင်းယှဉ်ရာတွင် လွယ်ကူစေသည်။ ထို့အပြင် လိုင်သာယာတွင် ဖြစ်တန်စွမ်းဖြင့် အားပြုကောက်ယူမှု (probability sampling) နည်းလမ်းဖြင့်မရရှိနိုင်သော လေ့လာမည့်လူဦးရေအတွင်း တိကျသည့် စံပြုပုံစံများကို ဖော်ထုတ်ရာတွင် အသုံးဝင်သည့်နည်းလမ်းတစ်ရပ်ဖြစ်သည်။

စေတနာ့ဝန်ထမ်းစံပြုပုံစံသည် အုပ်စုဖွဲ့ဆွေးနွေးခြင်း (FGD) များတွင်ပါဝင်ဆွေးနွေးမည့်သူများကို ရွေးချယ်နိုင်ရန်ဖြစ်ပြီး ဤလေ့လာမှုတွင် ပါဝင်စေရန် အမျိုးသား/အမျိုးသမီးများအပေါ်တွင် ဖိအား မဖြစ်စေလိုသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံမှလူများသည် လူအများနှင့်ပြောဆိုဆွေးနွေးမှုများတွင် အလွယ်တကူပါဝင် လေ့မရှိကြဘဲ ၎င်းတို့၏ထင်မြင်ယူဆချက်များကိုလည်း မသိကျွမ်းသောသူများ ရှေ့တွင် ဖော်ထုတ်ပြသလေ့မရှိကြပေ။ ထို့အပြင်ဤနည်းလမ်းသည် FGD ဆွေးနွေးပွဲများတွင် ပါဝင်

ဆွေးနွေးရန် မဆုံးဖြတ်ကြသေးမီ ၎င်းတို့အနေဖြင့် သုတေသနပြုလုပ်မည့် အကြောင်းအရာနှင့် နည်းလမ်းများကို ကောင်းစွာသိရှိ စေလိုသောကြောင့်လည်း အသုံးပြုသည်။[19]

ဤစုံစမ်းကောက်ယူသည့်နည်းလမ်းမှ ဖြစ်ပေါ်လာနိုင်သည့် ဘက်လိုက်မှုများမှာ စေတနာ့ဝန်ထမ်းပါဝင်မည့်သူသည် သုတေသနပြုသည့် အကြောင်းအရာအပေါ်တွင် ကြိုတင်ဆုံးဖြတ်ယူဆထားသော အတွေးအမြင် (သို့မဟုတ်) စိတ်ဝင်စားသည့်အချက်များကိုတင်ပြပြီး လူအများအကြားတွင် ထုတ်ဖော်လိုသူများဖြစ်သည်။ ၎င်းတို့၏အမြင်များသည် FGD တွင်ပါဝင်ဆွေးနွေးမှုမပြုသော အခြားပုဂ္ဂိုလ်များ၏အမြင်များနှင့် ကိုယ်စားပြုခြင်း၊ ကိုက်ညီခြင်းမရှိပါ။ ထိုကဲ့သို့သော ဘက်လိုက်မှုမျိုးသည် အလွန်ကြီးမားသည့် သဘောထားစစ်တမ်းကောက်ယူမှုများတွင် အများဆုံးပြဿနာဖြစ်တတ်သည်။

နှင်းဘောလုံးပုံစံ ကောက်ယူသည့်နည်းစနစ်သည် ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်း ပြင်ပတွင်ရှိပြီး မဆက်စပ်မိကြသော သက်ဆိုင်သည့် ပုဂ္ဂိုလ်များကိုဖော်ထုတ်ရာတွင် အလွန်အသုံးဝင်သည်။ တစ်နည်းအားဖြင့် အင်တာဗျူးဖြေဆိုရန် သဘောတူကောင်းမှတူမည်ဖြစ်သောသူများဆီသို့လည်း ရောက်ရှိဆက်စပ်မိစေသည်။ မြန်မာနိုင်ငံတွင် ပုဂ္ဂိုလ်ရေးအရရင်းနှီးခင်မင်မှုနှင့် အပြန်အလှန်သိကျွမ်းသူကြားခံ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ထောက်ခံတိုက်တွန်းပေးခြင်းများသည် အဆက်အသွယ်များရရှိနိုင်ရန် အရေးကြီးသည့် ရှေ့ပြေးကိစ္စရပ်တစ်ခုဖြစ်သည်။ နှင်းဘောလုံးပုံစံဖြင့် ပါဝင်ကူညီမည့်သူများကို ထိရောက်စွာရွေးချယ် စုစည်းနိုင်စေသည်။ ဖြစ်လာနိုင်သည့် ဘက်လိုက်မှုပုံစံမှာ လူအများသည်၎င်းတို့နှင့် အတွေးအခေါ်၊ အယူအဆတူညီသူ မိတ်ဆွေသူငယ်ချင်းများ၊ ရင်းနှီးကျွမ်းဝင်သူများနှင့် လုပ်ဖော်ကိုင်ဘက်များကိုသာ တိုက်တွန်းတင်ပြခြင်းများဖြစ်ပြီး မေးမြန်းလေ့လာမှုများကို လွယ်လင့်တကူမြန်ဆန်စွာ သိရှိသွားစေနိုင်သည်။

## ကျင့်ဝတ်များ

မြန်ဆန်စွာဆန်းစစ်လေ့လာမှုတွင် အဓိက သက်ဆိုင်သူများနှင့် မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ရာ၌ ဖြေကြားသူများအနေဖြင့် ၎င်းတို့၏အမည်များကို မှတ်တမ်းတင် မှတ်သားခွင့်ပြုသည်မှလွဲ၍ကျန်အချက်များအားလုံးသည် ဖြေကြားသူများ၏ စေတနာအလျောက်ပါဝင်ခြင်းနှင့် လျှို့ဝှက်ထားရှိခြင်းများအပေါ်တွင် တည်မှီသည်။ ကလေးသူငယ်များအကြားတွင် လူတွေ့မေးမြန်းရာ၌ စစ်တမ်းကောက်ယူသူများအနေဖြင့် ၎င်းတို့ပါဝင်လုပ်ဆောင်နေသည့်ကိစ္စရပ်များကြောင့် ထိုကလေးများ၏ ကောင်းမွန်စွာ ရှင်သန်နေထိုင်မှုကို ဝင်ရောက်စွက်ဖက်မိခြင်းမဖြစ်စေရန် အထူးတလည် ဆောင်ရွက်ခဲ့ပါသည်။

[19] စေတနာ့ဝန်ထမ်းစုံပြုရွေးချယ်ရာတွင် ပါဝင်မည်ဟုကတိပေးထားသော အခြားစေတနာ့ဝန်ထမ်းများမှ ၎င်းတို့အနေနှင့် အတူပါဝင်ဆွေးနွေးလျှင် သင့်တော်မည်ဟုယူဆသော အခြားစေတနာ့ဝန်ထမ်းများကို ထပ်ဆင့်ရွေးချယ်ပေးခြင်းမျိုးလည်း ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် ဆွေးနွေးမည့်အကြောင်းအရာနှင့်လည်းသက်ဆိုင်ပြီး ထင်မြင်ယူဆချက်များကို ထုတ်ဖော်ဆွေးနွေးတတ်သူများဖြစ်သည်။

ကလေးသူငယ်များကို မေးမြန်းရာ၌ ဖြစ်နိုင်သမျှ ၎င်းတို့အလုပ်လုပ်ရာနေရာများတွင် အလုပ်ရှင်၏ ခွင့်ပြုချက်များကို ကြိုတင်တောင်းခံပြီးမှသာမေးမြန်းခဲ့ပါသည်။ ကလေးသူငယ်များ၏ အလုပ်ချိန်ဇယားကို ဝင်ရောက်အနှောက်အယှက်ဖြစ်စေမှု နည်းပါးစေရန်အတွက် ၎င်းတို့စားသောက်ရန် နားသည့် အချိန်များတွင်သာ မေးမြန်းခဲ့ပါသည်။ အကယ်၍ ကလေးငယ်များအနေဖြင့် ဝင်ရောက်ပါဝင်ရသည်ကို ဖိအားဖြစ်နေသည်ဟု ခံစားရပါက အင်တာဗျူးမေးမြန်းခြင်းကို ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် စစ်တမ်းကောက်သူများအား ညွှန်ကြားခဲ့ပါသည်။ ဆောင်ရွက်ခဲ့သမျှ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းခန့်တွင် ကလေးသူငယ်များအား ၎င်းတို့မိဘများ၏ခွင့်ပြုချက်ကို ကြိုတင်ရယူ၍ ညနေခင်းပိုင်းတွင် ၎င်းတို့၏နေအိမ်များသို့သာ သွားရောက်မေးမြန်းခဲ့ပါသည်။

စစ်တမ်းကောက်ယူသူများသည် ကလေးသူငယ်များကို အင်တာဗျူးရာတွင် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ကြပါသည်။ အထူးသဖြင့် ဥပမာ မေးမြန်းချိန်တွင် ကလေးသူငယ်နှင့်အတူပါဝင်လိုသော အလုပ်ရှင်များကြောင့် ကောက်ယူသည့်အချက်အလက်များ၏ အရည်အသွေးကိုထိခိုက်စေနိုင်သလို အရွယ်ရောက်သူတစ်ဦးဦးမှ မေးမြန်းရာတွင် အတူတကွပါဝင်ဖြေဆိုခြင်းသည် ကလေးသူငယ်များ၏ ဖြေကြားမှုကို ဝင်ရောက်စွက်ဖက်ခြင်းများ ဖြစ်စေနိုင်သည်။ စစ်တမ်းကောက်ယူသူများအနေဖြင့် ရိုင်းစိုင်းကြမ်းတမ်းစွာ ပြုမူဆောင်ရွက်မှုများကိုမှု မတွေ့ရှိခဲ့ရပါ။[20]

ကလေးငယ်များသည် ၎င်းတို့၏ တုံ့ပြန်ပါဝင်မှုများအတွက် လျှို့ဝှက်ထားရှိမှုအပေါ်တွင် စိတ်ချယုံကြည်စွာရှိနေစေရန် ဆောင်ရွက်ခဲ့ပါသည်။ အင်တာဗျူးမေးမြန်းချိန်တွင် အပြန်အလှန် ခေါ်ပြောဆက်ဆံလုပ်ဆောင်နိုင်စေရန် ၎င်းတို့၏နာမည်များကို မေးမြန်းခဲ့သော်လည်း ထိုအမည်များကို မှတ်တမ်းတင်သိမ်းဆည်းထားခြင်းမရှိခဲ့ပါ။ ကလေးငယ်များအနေဖြင့် မေးမြန်းနေချိန်တွင် အနေအထားကို မသက်မသာဖြစ်နေပြီး ထပ်မံပါဝင်လိုခြင်းမရှိတော့ပါကလည်း ရပ်နားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

## သုတေသနဆိုင်ရာ ကန့်သတ်ချက်များ

ဤသုတေသနသည် ILO အနေဖြင့် ရွေးချယ်ထားသောဒေသရှိ အခြေချနေထိုင်သူပေါင်း ၆၈၆,၈၂၇ ယောက် အတွင်းမှ ကလေးသူငယ်အလုပ်သမားဆိုင်ရာများကို မြန်ဆန်စွာ ဆန်းစစ်လေ့လာမှု ပထမဆုံးအကြိမ် စတင်လုပ်ဆောင် ခြင်းဖြစ်သည်။ လှိုင်သာယာမြို့နယ်အတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ထိုဒေသအတွင်း ကလေးအရွယ်မရောက်သူများအား စုဆောင်းမှုနှင့် ကလေး

[20] ဤလေ့လာမှုသည် အလုပ်ခွင်အတွင်း ကြမ်းတမ်းရိုင်းပြစွာဆက်ဆံလုပ်ဆောင်သည့် အခြေအနေများကို သိရှိနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပြီး ကလေးသူငယ်ကို ကြမ်းတမ်းရိုင်းပြစွာဆက်ဆံမှု အခြားသောပုံစံများကို မတွေ့ခဲ့ရဟု ဆိုသော်လည်း ထိုအချက်အရ ကလေးများသည် ကိုယ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာများကို စော်ကားနှိပ်စက်ခံရသည့် ထိခိုက်လွယ် အနေအထားတွင် နေထိုင်/ လုပ်ကိုင်နေရခြင်းမဟုတ်ဟု မယူဆနိုင်ပေ။ ထိုသို့ ကြမ်းတမ်းရိုင်းစိုင်းစွာစော်ကားခံရမှုများ အတွက် ရေတိုလေ့လာမှုများသည် သင့်လျော်သော နည်းလမ်းတစ်ခုမဟုတ်ပါ။

သူငယ်အလုပ်သမားဆိုင်ရာများကို ထုတ်ဝေမှုအရေအတွက် အကန့်အသတ်အနည်းငယ်[21]နှင့် ILO ၏ အခမ့လုပ်သားဆိုင်ရာ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများအတွင်း ပြုလုပ်ထားသည်တို့ကိုသာ တွေ့ရှိရသော်လည်း ကလေးသူငယ်အလုပ်သမားများအတွက် အဖွဲ့အစည်းများမှ စုဆောင်းထားသည့် အချက်အလက်ဆိုင်ရာ ကန့်သတ်ချက်များရှိပါသည်။[22] ထိုဧရိယာအတွင်းရှိ ကလေးသူငယ် အလုပ်သမားများနှင့်ပတ်သက်၍ သတင်းအချက်အလက်မရရှိနိုင်သည့် အကြောင်းရင်းတစ်ချက်မှာ စစ်တမ်းကောက်ယူသူများအနေဖြင့် ကလေးသူငယ်အလုပ်သမားများထံသို့ လက်လှမ်းမီရောက်ရှိနိုင်မှု နည်းပါးခြင်းဖြစ်သည်။[23]

သုတေသနအဖွဲ့တွင်ပါဝင်သည့်အဖွဲ့ဝင်များ၏တင်ပြချက်အရ အကျိုးဆိုင်ပါဝင်ပတ်သက်သူများ၏ စိုးရိမ်ကြောက်ရွံ့မှုနှင့် ဆောင်ရွက်သည့်အကြောင်းအရာများမှာ ထိခိုက်လွယ် အတိမ်းအစောင်းမခံသော သဘောသဘာဝအရ အင်တာဗျူးများတွင် ပါဝင်ရန်ဝန်လေးကြကြောင်း ဖော်ပြကြသည်။ သက်ဆိုင်သူအားလုံးအတွက် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များမှအစ အလုပ်အကိုင် ခိုင်မာစိတ်ချရမှုအဆုံး အမျိုးမျိုးသော အကျိုးစီးပွားများစွာ ပါဝင်ပါသည်။ စစ်တမ်းကောက်ယူမေးမြန်းသူများကို ပွင့်လင်းလွတ်လပ်စွာ ဖြေကြားရန် တွန့်ဆုတ်ဝန်လေးကြသည့် အနေအထားများကို အထူးသဖြင့် စက်ရုံများတွင် အလုပ်လုပ်နေကြပြီး ၎င်းတို့၏အလုပ်ခွင်အတွင်း သွားရောက်မေးမြန်းမှုအား ဖြေကြားရသည့် ကလေးများထံတွင် သိသာစွာတွေ့မြင်ခဲ့ရပါသည်။ အင်တာဗျူးမေးမြန်းသည့်အချိန်တွင် အလုပ်ရှင်များ၊ ကြီးကြပ်သူခေါင်းဆောင်များနှင့် အစိုးရတာဝန်ရှိသူများရှိနေခြင်းသည် ၎င်းတို့ကို ခြိမ်းခြောက်သကဲ့သို့ ဝန်လေးတွန့်ဆုတ်မှုများဖြစ်စေပါသည်။ ထို့အပြင် အလုပ်ရှင်များနှင့် သက်ဆိုင်ရာ ဆက်စပ်သက်ဆိုင်သူများမှ စက်ရုံများတွင် အလုပ်လုပ်နေကြသည့် အသက်အရွယ်ကြီးသော ကလေးများကိုသာ တွေ့ဆုံရန် အခိုင်အမာပြောဆိုကြပြီး စစ်တမ်းကောက်သူများအနေဖြင့် ရွေးချယ်ထားသည့် အသက် (၁၆) (၁၇)နှစ် အရွယ်ရှိ ကလေးများနှင့်တွေ့ရန်သာ အခွင့်ရခဲ့ပါသည်။ အချို့သော အချက်

---

[21]UNICEF မှ ၂၀၁၂ ဇူလိုင်လတွင်ထုတ်ဝေသော "မြန်မာနိုင်ငံမှကလေးသူငယ်များ၏ အခြေအနေကို ခွဲခြမ်းလေ့လာခြင်း" http://www.unicef.org/eapro/Myanmar_Situation_Analysis.pdf

[22]UNICEF မှ ၂၀၁၂ ဂျူလိုင်လတွင် "မြန်မာနိုင်ငံမှကလေးသူငယ်များ၏ အခြေအနေကို ခွဲခြမ်းလေ့လာခြင်း" ဟူသည့် စာတမ်းတစောင်ထုတ်ဝေသည်။ ထိုအစီရင်ခံစာတွင် ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်၍ ယေဘုယျအနေအထားဖြင့်သာ ဆွေးနွေးတင်ပြထားသည်။ ထို့ကြောင့် အချက်အလက်/သိရှိရန်များ ဝေမျှရယူရန် UNICEF အနေဖြင့် လိုင်သာယာတွင် မည်သည့်သုတေသနလုပ်ထားဖူးသည်ကို အတည်ပြုဆက်သွယ်မေးမြန်းခဲ့ပါသည်။ ကလေးသူငယ် အလုပ်သမားအကြောင်းကို Save the children မှထုတ်ဝေသော မြို့ပြဆင်ခြေဖုံး ဆင်းရဲနွမ်းပါးမှု၊ အာဟာရဆိုင်ရာများ အကြောင်းနှင့် စက်မှုဆိုင်ရာ ထုတ်ဝေမှုဖြစ်သော စက်မှုလုပ်ငန်းတည်ထောင်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ဖော်ပြထားပါသည်။

[23]CESVI (၂၀၁၄)။ ဖေဖော်ဝါရီနှင့် မတ်လ (၂၀၁၄) အတွင်း အတွက်လုပ်ဆောင်ခဲ့သည့် သုတေသနဖြစ်သော ရန်ကုန်မြို့ အညစ်အကြေးစွန့်ပစ်မှုစီမံခန့်ခွဲရေးဆိုင်ရာများတွင် ပါဝင်သည့် သေးငယ်သည့်အချက်အလက်များ http://www.swmproject.eu/wp-content/uploads/Research-Olivia.pdf

အလက်ဆိုင်ရာများ လျှို့ဝှက်ထားရှိမှုနှင့် ပတ်သက်၍ အခက်အခဲများမှာ အစိုးရအာဏာပိုင်များမှ အနည်းဆုံးလူတစ်ဦးသည့် လူတွေ့မေးမြန်းခြင်းနှင့် ကနဦးစမ်းသပ်ကောက်ယူမှုများတွင် အမြဲရှိနေပြီး လူတွေ့မေးမြန်းရာတွင် မှတ်သားလာသည့် မှတ်စုများကို မိတ္တူပေးရန် တောင်းဆိုခြင်းဖြစ်သည်။[24] အကျိုးဆက်အနေဖြင့် သုတေသနမန်နေဂျာသည် အချက်အလက် ကောက်ယူသူများကို ကလေးများနှင့် တွေ့ဆုံမေးမြန်းရန် အလုပ်ခွင်ပြင်ပဖြစ်ပြီး ထိုဒေသတွင်း ဖြစ်ပျက်နေသည့်အခြေအနေများကို ပိုမိုသိရှိနိုင်ရန်နှင့် စက်ရုံများအတွင်းမှ အနေအထားကို တစ်စိတ်တစ်ပိုင်း ရှုမြင်နိုင်ရန်အတွက် များသောအားဖြင့် ၎င်းတို့၏ နေအိမ်များသို့သာ သွားရောက်မေးမြန်းရန် ညွှန်ကြားခဲ့ရသည်။

## ထိခိုက်စေနိုင်မှုဆိုင်ရာများစီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

ILO အနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဖြေကြားမည့်သူများမှ အတူပူးပေါင်းဆောင်ရွက်ခြင်း နည်းပါးပြီးထိခိုက်စေနိုင်သည့် ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် မြန်ဆန်စွာဆန်းစစ်လေ့လာမှုမပြုလုပ်မီနှင့် ပြုလုပ်နေဆဲကာလအတွင်းတွင် လှိုင်သာယာအတွင်းရှိသက်ဆိုင်ရာ အာဏာပိုင်များနှင့်ချိတ်ဆက်၍ ကလေးသူငယ်အလုပ်သမားဆိုင်ရာများ အသိအမြင်ရရှိရေးကို ဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ်လေ့လာမှုနှင့် အချက်အလက်များအသုံးပြုမှုကို သေချာစွာကိုင်တွယ်လုပ်ဆောင်ခဲ့ပြီး ထိုသို့ ဆောင်ရွက်မှသာ ဦးတည်အုပ်စုများအနေဖြင့် ၎င်းတို့တုန့်ပြန်ပါဝင်မှုများ၏ အရေးကြီးပုံကို အသိအမှတ်ပြုကြမည်ဖြစ်သည်။ ပါဝင်ဆောင်ရွက်ကြသူများမှာ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် စက်မှုဖုန်အာဏာပိုင်များဖြစ်ကြသည်။ လုပ်ငန်းပြီးဆုံးချိန်တွင် အတူပါဝင်ကူညီကြသူများနှင့်ပတ်သက်၍ ပုံစံကျဆန်းစစ်လေ့လာမှုမျိုးမရှိခဲ့သော်လည်း စက်မှုဖုန်မန်နေဂျာနှင့် အလုပ်သမား စုံစမ်းစစ်ဆေးရေးမှူး အစရှိသည့် အရေးပါသောပုဂ္ဂိုလ်များမှ လေ့လာမှုကို ကောင်းစွာညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ILO ဝန်ထမ်းများသည် သုတေသနအဖွဲ့၊မန်နေဂျာနှင့်အတူ အချက်အလက်များစုဆောင်းခြင်းနှင့် ထည့်သွင်းခြင်း လုပ်ငန်းစဉ်ကို အပိုင်းလိုက် စစ်ဆေးခြင်း၊ သုံးသပ်လေ့လာခြင်းနှင့် ပုံမှန် နောက်ဆက်တွဲ ဆက်လက်စစ်ဆေးခြင်းများဖြင့် စောင့်ကြည့်လေ့လာခဲ့ပါသည်။

[24] ဤကိစ္စသည် ကနဦးစမ်းသပ်ကောက်ယူမှုအတွင်း လူတွေ့မေးမြန်းရာ၌ စောင့်ကြည့်ထိန်းသိမ်းမှုကို တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ မေးခွန်းပုံစံအလွတ်တစ်ရွက်ကို ပေးအပ်ခဲ့ရသည်။ စီစစ်လေ့လာမှုတွင် ကနဦးဆန်းစစ်လေ့လာမှုမှ ကောက်ယူခဲ့သည့်အချက်များကို အသုံးမပြုပါ။

## ၄။ တွေ့ရှိချက်များ

### မွေးဖွားခြင်း၊ သေဆုံးခြင်း အစရှိသည့်လူဦးရေဆိုင်ရာပြောင်းလဲမှုများအပါအဝင် ကလေးသူငယ် အလုပ်သမားများ၏ နေထိုင်ရေးနှင့် လုပ်ငန်းခွင်အခြေအနေများ

အသက် (၇) နှစ်မှ (၁၇)နှစ်ကြား ကလေးငယ်များမှာ လူတွေ့မေးမြန်းရန် ဦးတည်အုပ်စုများဖြစ်သည်။ မေးမြန်းခဲ့သူအများစုမှာ အလွယ်တကူလက်လှမ်းမီသော (၁၄) နှစ်အထက်ကလေးငယ်များဖြစ်သည်။ စစ်တမ်းကောက်သူများတင်ပြချက်အရ အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူရာတွင် မိဘများ သည်ပို၍ငယ်ရွယ်သော ကလေးငယ်များကို မေးမြန်းခွင့်ပေးရန် ဝန်လေးတတ်ကြပြီး အလုပ်ခွင်များ တွင်မူ ပိုမိုအသက်ကြီးသော ကလေးများသည် ဖြေကြားရန် ခွင့်ပြုခံရခြင်း (သို့မဟုတ်) ဖြေကြားရန် လိုလားကြခြင်းကို တွေ့ရသည်။ မေးမြန်းခဲ့ရာတွင် အသက်အငယ်ဆုံးကလေးမှာ (၈) နှစ်ဖြစ်သည်။

ကလေးအသက်


| ကလေး | မိန်းကလေး | % | ယောကျာ်းလေး | % |
|---|---|---|---|---|
| **၁၃ နှစ်အောက်** | ၅ | ၁၀% | ၉ | ၁၈% |
| **၁၃-၁၅ နှစ်** | ၁၅ | ၃၀% | ၁၅ | ၃၀% |
| **၁၆-၁၇ နှစ်** | ၃၀ | ၆၀% | ၂၆ | ၅၂% |

တရားဝင်အလုပ်လုပ်ခွင့်ရှိသော အသက်ထက်ငယ်ရွယ်အသက် မပြည့်မီသေးသော ကလေးသူငယ် များ အလုပ်လုပ်လျက်ရှိသည်ကို လှိုင်သာယာစက်မှုဇုန်ဧရိယာအတွင်း တွေ့ရှိခဲ့ရသည်။ ဆန်းစစ် လေ့လာမှုမှတွေ့ရှိချက်အရ မိန်းကလေးများ စတင်အလုပ်လုပ်လေ့ရှိသည့် ပျမ်းမျှအသက်မှာ (၁၂.၇) ဖြစ်ပြီး ယောက်ျားလေးများမှာမူ (၁၂.၂၇) ဖြစ်သည်။ ထိုကိန်းဂဏန်းနှစ်ခုလုံးတွင် ၎င်းတို့သည် တရားဝင် အလုပ်လုပ်ခွင့် ရှိသည့်အသက်ထက် ပို၍ငယ်သော အသက်အရွယ်များတွင် စတင်အလုပ်လုပ်ကြ သည်ကို တွေ့နိုင်သည်။

ကလေးသူငယ်များ၏ ၉၀ ရာခိုင်နှုန်းမှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ကျန်ကလေးများ မှာ ရှမ်း၊ ကရင် သို့မဟုတ် ရခိုင်လူမျိုးများဖြစ်သည်။ လူမျိုးကွဲပြားမှုဆိုင်ရာများကို ခွဲခြမ်း လေ့လာစိစစ်မှု တွင် အသုံးမပြုခဲ့ပါ။

ကလေးသူငယ်များမှာ မိစုံဖစုံရှိသော အိမ်ထောင်စုများမှဖြစ်သည်။ ဥပမာ၊ မိဘနှစ်ပါးနှင့် မွေးချင်းများ အစုံအလင်နှင့်နေထိုင်သော အိမ်ထောင်စုများဖြစ်ပြီး အခြားမိသားစုများနှင့် မိတ်ဆွေများ အတူပူးတွဲ

နေထိုင်ရသောအိမ်ထောင်စုများမဟုတ်ပေ။ တစ်ဦးတည်းဦးဆောင်သည့် အိမ်ထောင်စုများတွင်မူ ကလေးများသည် ဖခင်ထက် မိခင်နှင့်နေထိုင်ကြခြင်းက ပိုမိုများပြားဟန်ရှိသည်။[25]




ဖြေကြားသူကလေး အယောက် (၁၀၀) တွင် (၂၅) ယောက်မှာ အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေကြပြီး (၁၃) ယောက်မှာ စားသောက်ကုန်စက်ရုံများတွင် အလုပ်လုပ်ကြသည်။ ထိုအထည်ချုပ်စက်ရုံများတွင် ကလေး (၅)ယောက်မှာ (၁၃-၁၅) နှစ်အုပ်စုများဖြစ်ကြပြီး အယောက် (၂၀)မှာ အသက် (၁၆-၁၇) အုပ်စုဝင်များဖြစ်သည်။ စားသောက်ကုန်စက်ရုံများတွင် ကလေးတစ်ဦးမှာ အသက် (၁၃)နှစ်အောက်ဖြစ်ပြီး (၁၃နှစ်မှ၁၅နှစ်) မှာ (၃)ယောက် နှင့် (၉) ယောက်မှာ (၁၆-၁၇) နှစ်အုပ်စုများဖြစ်သည်။

တွေ့ရှိချက်အရ ကလေးများမှာ အမျိုးမျိုးသောလုပ်ငန်းကဏ္ဍများတွင်လုပ်ကိုင်လျက်ရှိကြပြီး တွေ့ရှိချက်များအရ ပို၍အသက်ငယ်သောကလေးငယ်များသည် စည်းကမ်းတကျ အလုပ်လုပ်ရသော ပတ်ဝန်းကျင်များတွင် အလုပ်လုပ်ရခြင်းနည်းပါးပြီး ရေသန့်ပို့ခြင်း၊ အဝေးပြေးကားဝင်း[26]အတွင်းတွင်

---

[25] ဤအချက်အလက်သည်လှိုင်သာယာရှိ လမ်းပေါ်ကလေးများ နေထိုင်ကြသည့်ပုံစံကို ညွှန်းဆိုခြင်းမဟုတ်ဘဲ ၎င်းတို့၏ နေထိုင်မှုအခြေအနေများကို သိရှိနားလည်နိုင်ရန်အတွက် သုတေသနထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

[26] ၎င်းသည်ရန်ကုန်မြို့မှ တံတားသုံးစင်းဖြင့် (ဥပမာ အောင်ဇေယျ၊ ဘုရင့်နောင် နှင့် ပန်းလှိုင်တံတားများ) ချိတ်ဆက်ထားသည့် လှိုင်သာယာတွင် သီးသန့်တည်ရှိနေသောအရာဖြစ်ပြီး တံတားဖြတ်ခလည်းပေးရသည်။ အခြားနေရာတွင်လုပ်သည်ဟုဆိုသောကလေးငယ်များမှာ ထိုအဝေးပြေးကားဝင်းတွင်ပင် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်းတွေ့ရသည်။

အမှိုက်ကောက်ခြင်း စသည့် နေရာများဖြစ်သည်။ ထိုအလုပ်များသည် ၎င်းတို့၏အလုပ်အနေအထား များကို စောင့်ကြည့်ထိန်းသိမ်းရန် ပိုမိုခက်ခဲစေပြီး ပုံမှန်သမားရိုးကျအလုပ်ပတ်ဝန်းကျင်များတွင် လုပ်ကိုင်နေသော ကလေးများထက်ပို၍ ထိခိုက်လွယ်သည့်အနေအထားဖြစ်စေသည်။ ကလေးငယ်များ အတွက် ရရှိနိုင်သောအလုပ်များမှာ အရွယ်ရောက်သူများလုပ်ရသောအလုပ်များသာဖြစ်ပြီး ကလေး ငယ်များ၏ မိဘများသည် ကျပန်းလုပ်သား၊ စက်ရုံလုပ်သား၊ လမ်းဘေးဈေးသည်နှင့် ဆောက်လုပ်ရေး လုပ်သားများဖြစ်ကြပြီး လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များသည် ယောက်ျားလေးနှင့် မိန်းကလေးများ အတွက်သာ အများဆုံးနီးပါးအလုပ်ရနိုင်သည့်နေရာဖြစ်သည်။[27] အချို့သော ဖြစ်ရပ် များတွင်မူ ကလေးများသည် ၎င်းတို့၏မိဘများနှင့်အတူ ပို၍အရည်အချင်းနိမ့်သော အကူလုပ်သားများ အနေဖြင့် လုပ်ကြသည်။

စက်ရုံများတွင် အလုပ်လုပ်ကြသောကလေးငယ်များမှာ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အမြဲပါဝင် လုပ်ကိုင်နေရခြင်းမဟုတ်ပါ။ အသက်ပိုငယ်သောကလေးငယ်များမှာ သန့်ရှင်းရေး (သို့မဟုတ်) လက်တိုလက်တောင်းလုပ်ငန်းများ၊ လုပ်ငန်းကျွမ်းကျင်မှုမလိုသော အလုပ်များတွင်လုပ်ကိုင်ကြသည်။ ဤဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များအား ဆွေးနွေးအတည်ပြုသည့်အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင် ဆွေးနွေးကြသည့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ တင်ပြချက်အရ စက်ရုံတွင် အလုပ်လုပ်ကြသည့် ကလေး သူငယ်အများစုမှာ ထုပ်ပိုးသည့် လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်ဟုဆိုသည်။ ထိုဆွေးနွေးပွဲတွင် ထောက်ပြသည်မှာ စက်ရုံများတွင် အလုပ်လုပ်နေကြသောကလေးငယ်များ လုပ်ကိုင်နေရသည့် အလုပ် အမျိုးအစားများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရန် သုတေသန ထပ်မံလုပ်ဆောင်ရမည် ဖြစ်ပြီး အလုပ်တာဝန်ဆိုင်ရာ တိကျသည့် သတ်မှတ်ခေါ်ဆိုမှုလည်းလိုအပ်သည်။ ဥပမာအားဖြင့် "အထည်ဖြတ်သည်" ဟူသောအသုံးသည် အလွန်ကျယ်ပြန့်ပြီး "ချည်များညှပ်သည်" "တံဆိပ်များ ညှပ်သည်" ဟူသောအသုံးများကပို၍ သင့်လျော်သည်ဟု ယူဆသည်။

ဥပမာအားဖြင့် အခပေး တိုးလ်ဂိတ်များတွင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အတိအကျမပြောကြသော်လည်း စစ်တမ်းကောက် သူများ၏ လေ့လာတွေ့ရှိချက်အရ ထိုနေရာတွင် အလုပ်လုပ်သောကလေးများမှာ မော်တော်ကားနှင့် သွားလာသူများကို ရေသန့်နှင့်မုန့်များ ရောင်းချခြင်း (သို့မဟုတ်) ထိုသို့ရောင်းချသော မိဘများနှင့် အတူလိုက်လံ ကူညီကြခြင်းတို့ဖြစ်သည်။

[27] လက်ရှိဆောင်ရွက်ခဲ့သည့် ဆန်းစစ်လေ့လာမှုတွင် ကလေးသူငယ်အလုပ်သမားများ၏ အလုပ်ထွက်ခြင်းနှင့်ပတ်သက်၍ လေ့လာခဲ့ခြင်းမရှိသလို ထိုကလေးသူငယ်အလုပ်သမားများအရွယ်ရောက်ပါက မည်သို့ဆက်လက်ဖြစ်တည်သည်ကိုလည်း မလေ့လာ ခဲ့သော်လည်း အများသူငှာထံမှ တစ်ဆင့်သိရမှုများအရ ၎င်းတို့သည် အရည်အချင်းနိမ့်လုပ်သားများအဖြစ်သာ ဆက်လက်ရှိ ကြကြောင်းပြသည်။ ထိုဖြစ်ရပ်သည် သုတေသန၏ဦးတည်ချက်အတွက် ထိုက်တန်သောအချက်ဖြစ်သည်။

### အလုပ်နေရာများ

| အလုပ်လုပ်သည့်နေရာ | >၁၃ | ၁၃-၁၅ | ၁၆-၁၇ |
|---|---|---|---|
| လွှက်ရည်ဆိုင် | ၂ | ၄ | - |
| ကုန်စုံဆိုင် | - | - | ၂ |
| အထည်ချုပ်စက်ရုံ | - | ၅ | ၂၀ |
| စားသောက်ကုန်စက်ရုံ | ၁ | ၃ | ၉ |
| ဆောက်လုပ်ရေးလုပ်ငန်း | - | ၂ | ၃ |
| ပို့ဆောင်ရေးကုမ္ပဏီ | - | ၁ | ၃ |
| စားသောက်ဆိုင် | - | ၂ | - |
| ပုဂ္ဂလိကပိုင်အိမ် | - | ၁ | - |
| မိသားစုလုပ်ငန်း | ၁ | - | - |
| အခြား | ၉ | ၁၂ | ၁၈ |
| အခြား -အဝေးပြေးဝန်း | ၇ | ၄ | ၂ |

ပို၍အသက်ငယ်သောကလေးများသည် အသက်ကြီးသောကလေးများထက်ပို၍ စနစ်တကျဖွဲ့စည်းတည်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ကြသည်။ များသောအားဖြင့် ၎င်းတို့၏ အလုပ်အကိုင် အနေအထားနှင့် လုပ်အားခများကို စောင့်ကြည့်ထိန်းသိမ်းနိုင်ရန် မလွယ်ကူသော စည်းကမ်းတကျ ဖွဲ့စည်းထားခြင်းမဟုတ်သည့် (သို့မဟုတ်) လက်လှမ်းမီလွယ်ကူသည့်အလုပ် ပတ်ဝန်းကျင်မဟုတ်သည့် လုပ်ငန်းများဖြစ်သည်။ ကလေးများသည် ခိုင်မာလုံခြုံမှုမရှိသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှ နေ့စဉ်ဝင်ငွေများကို ဘေးအန္တရာယ်ရှိစွာ ရရှိနေကြသည်။ ထင်ရှားသိသာသည့် အချက်မှာအသက်ပို၍ငယ်ရွယ်ပါက နေ့စဉ်လုပ်အားခရှင်းသည့် ပုံစံဖြင့်သာရှင်းပြီး အသက်ပိုကြီးသည့် ကလေးငယ်များမှာမူ လပေးပုံစံဖြင့် ရရှိကြသည်။ ဤသုတေသနတွင် ကလေးသူငယ်များ လုပ်ခမရသည့် အထောက်အထားများကိုမတွေ့ရှိခဲ့သော်လည်း နမူနာတွေ့ရှိချက်များသည် သေးငယ်ပြီး လိုင်သာယာတွင် လုပ်ခမရသော်လည်း အလုပ်လုပ်နေသည့် ကလေးငယ်များရှိနိုင်သည် ဟူသည့်အချက်ဖြစ်သည်။ ဥပမာ

အားဖြင့် မိဘများနှင့်အတူ လိုက်လံအမှိုက်ကောက်သည့် ကလေးငယ်များဖြစ်သည်။ ကလေးငယ်များကို စာချုပ်ချုပ်ဆို၍ ခိုင်းစေသည့် ပုံစံရှိမရှိကို သုတေသနထပ်မံပြုလုပ် ရန်လိုအပ်သည်။

**ကလေးများလုပ်အားခရသည့်ကြိမ်နှုန်း**

| ကြိမ်နှုန်း | ၁၃ နှစ်အောက် | ၁၃-၁၅ နှစ် | ၁၆-၁၇ နှစ် |
|---|---|---|---|
| **လစဉ်** | ၈.၃% | ၅၀% | ၆၉.၁% |
| **အပတ်စဉ်** | ၁၆.၇% | ၃.၃% | ၃.၆% |
| **နေ့စဉ်** | ၅၈.၃% | ၃၆.၇% | ၂၅.၅% |
| **အခြား** | ၁၆.၇% | ၁၀% | ၁.၈% |


ဆန်းစစ်လေ့လာမှုတွင် ကျားမလိင်ကွဲပြားမှုဆိုင်ရာ ကိစ္စရပ်ဟု ယူဆနိုင်သော ယောက်ျားလေးနှင့် မိန်းကလေးအကြား ပျမ်းမျှလစဉ်လုပ်အားခရရှိမှုနှင့်ပတ်သက်၍ ပြည့်စုံခိုင်မာသော အထောက်အထားများမတွေ့ခဲ့ပါ။ ထိုသို့တိကျစွာနိဂုံးချုပ် ကောက်ချက်ချရန်အတွက် တွေ့ရှိသည့်နမူနာဖြစ်ရပ်မှာ မထင်ရှားပါ၊ မှတ်သားရန်အချက်မှာ ကလေးငယ်အနေဖြင့် အသက်ပို၍ငယ်ပါက လုပ်အားခပိုမိုနည်းပါးပြီး ကလေးငယ်များအနေဖြင့် စည်းကမ်းတကျ ဖွဲ့စည်းထားခြင်း မဟုတ်သည့် ၎င်းတို့လုပ်ငန်းခွင်အတွင်းတွင် ကျွမ်းကျင်မှု အနည်းငယ်သာလိုအပ်သည့် အလုပ်များကိုသာ လုပ်ရသည်ဟူသောအချက်ကိုထင်ဟပ်စေသည်။ ထို့အပြင် အသက်ပို၍ငယ်သော ကလေးများအနေဖြင့် လုပ်ခ ပိုမိုနည်းပါးရခြင်းမှာ အသက်ငယ်သောကလေးနှင့် ကြီးသောကလေး နှစ်မျိုးလုံးသည် တစ်ပတ်အတွင်း နာရီပေါင်း (၄၀)ကျော်အောင် အလုပ်လုပ်ကြသော်လည်း ငယ်သောကလေးများမှာ အချိန်ပို၍တိုသော အလုပ်များတွင်လုပ်ရဟန်ရှိသည့် အချက်ကြောင့်ဖြစ်သည်။

အားလုံးခြုံကြည့်ရမည်ဆိုလျှင် တစ်လပျမ်းမျှလုပ်အားခသည် အသက်အရွယ်အုပ်စု အားလုံးတွင် ပိုလျှံမြင့်မားသည်ကို တွေ့မြင်ရပြီး လူမှုရေးအရ ဆန္ဒအလျောက် မျက်နှာသာပေးလိုက်လျောမှုသည် ကလေးများရရှိသည့် ငွေပမာဏအပေါ်တွင်လွှမ်းမိုးမှုရှိကြောင်း ညွှန်ပြသည်။[28] အသက် (၁၆-၁၇) အုပ်စုတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၌ လုပ်အားခအလွန်မြင့်မားသောကြောင့် ပျမ်းမျှ လုပ်အားခပမာဏများအနေဖြင့် ကွာဟမှုရှိနေသည်။[29]

---

[28] အထည်ချုပ်လုပ်ငန်းအသေးစားတစ်ခုမှအလုပ်ရှင်များ၏တင်ပြချက်အရ အသက် (၁၄-၁၆) အရွယ်ကလေးများကို အခြေခံလစာအဖြစ် တစ်လလျှင် မြန်မာငွေ ၃၅၀၀၀ ကျပ်ပေးသည်။ စာမျက်နှာ (၂၄)တွင်ကြည့်။

[29] အသက်(၁၆-၁၇)အုပ်စုတွင်းမှ ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်နေသောကလေး (၃)ဦးကသာ ဖော်ထုတ်တင်ပြသည်ကိုတွေ့ရပြီး တစ်လလျှင် မြန်မာငွေ (၁၄၀,၀၀၀-၁၆၀,၀၀၀)အတွင်းရရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင်




| | ၁၃နှစ်အောက် | ၁၃-၁၅နှစ် | ၁၆-၁၇နှစ် |
|---|---|---|---|
| မိန်းကလေး | ၅၄၀၀၀ | ၆၃၉၃၃ | ၈၇၉၆၆ |
| ယောကျ်ားလေး | ၃၉၄၂၈ | ၇၁၉၂၃ | ၉၄၂၅၀ |

လူနေအိမ်များနှင့် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေသည့် ကလေးငယ်များ၏လုပ်အားခမှာ အနည်းဆုံးဖြစ်သည်။ သို့သော်လည်းထိုကလေးများသည် လုပ်ငန်းခွင်တွင်း နေထိုင်စရာရရှိပြီး အကျွေး အမွေးကိုလည်း တာဝန်ယူထားသောကြောင့် အလုပ်ရှင်များအနေဖြင့် လုပ်အားခပေးသကဲ့ သို့ယူဆ သည်။ "သယ်ယူပို့ဆောင်ရေးကုမ္ပဏီ" ဟုဆိုသောနေရာတွင် လုပ်ကိုင်နေသောကလေးများသည် ၎င်းတို့မည်သည့်အလုပ်လုပ်နေသည်ဟု တိကျစွာမတင်ပြသော်လည်း မြို့ထဲတွင် ဘတ်စ်ကား ကုမ္ပဏီ အသေးစားများ ထောင်ချီရှိနေပြီး လူငယ်အတော်များများသည် (စပယ်ရာ) လက်မှတ်သိမ်းသူများ အဖြစ် လုပ်ကိုင်ကြကြောင်းတွေ့ရှိရသည်။ လုပ်အားခအများဆုံးရရှိသော ကလေးငယ်များမှာ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြပြီး အသက်ပိုကြီးသူများ၏ပြောပြချက်အရ ၎င်းတို့သည် ဆောက်လုပ်ရေးဆိုင်ရာများ (ထပ်မံတင်ပြလိုသည်မှာ ထပ်မံပြုလုပ်မည့် လေ့လာမှုများတွင် ဤအချက် နှင့် ပတ်သက်၍ ပိုမိုတိကျစွာသတ်မှတ်ရန်လိုသည်) သို့မဟုတ် ကျောက်သယ်ခြင်းများကို လုပ်ကိုင်ရ သည်။

ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အားခများသည် အတော်အတန်မြင့်မားပြီး ထိုလုပ်အားခပမာဏများကို သတိပြု၍ လေ့လာ သုံးသပ်သင့်သည်။

**ပျမ်းမျှလစဉ်လစာ**

| အလုပ်အမျိုးအစား | လစဉ်လစာ |
|---|---|
| **ပုဂ္ဂလိကအိမ်ထောင်စု** | ၂၈၀၀၀ ကျပ် |
| **လွှက်ရည်ဆိုင်** | ၃၅၀၀၀ ကျပ် |
| **စားသောက်ဆိုင်** | ၆၀၀၀၀ ကျပ် |
| **ပို့ဆောင်ရေးကုမ္ပဏီ** | ၇၀၅၀၀ ကျပ် |
| **စားသောက်ကုန်စက်ရုံ** | ၇၈၀၀၀ ကျပ် |
| **အထည်ချုပ်စက်ရုံ** | ၈၃၀၀၀ ကျပ် |
| **ကုန်စုံဆိုင်** | ၁၂၇၀၀၀ ကျပ် |
| **ဆောက်လုပ်ရေးလုပ်ငန်း** | ၁၄၀၀၀၀ ကျပ် |

မြန်ဆန်စွာဆန်းစစ်လေ့လာမှုအရ တွေ့ရှိရသည်မှာ မေးမြန်းခဲ့သည့် ကလေး ၉၀ ရာခိုင်နှုန်းသည် အခြားကလေးများနှင့်အတူ အလုပ်လုပ်ကြခြင်းဖြစ်ပြီး များသောအားဖြင့် သက်တူရွယ်တူအဖော်များနှင့် အတူတကွ လုပ်ကိုင်ကြသည်။[30] အသက် (၁၃) နှစ်အောက်ကလေးများ ၅၀ ရာခိုင်နှုန်း၏ ပြောကြားချက်အရ ၎င်းတို့သည် အသက် (၇-၁၀)နှစ်အရွယ်ကလေးများနှင့် အတူလုပ်ရပြီး ၃၇ ရာခိုင်နှုန်း သောကလေးများ မှာ အသက် (၁၁-၁၃) အရွယ်ကလေးများနှင့်အတူ လုပ်ကိုင်ကြသည် ဟုဆိုသည်။ ၅၅.၄ ရာခိုင်နှုန်း မှတင်ပြချက် အရ (၁၄-၁၆)နှစ်အရွယ်ရှိကလေးများနှင့် အတူလုပ်ကိုင်ကြရပြီး ၂၆.၈ ရာခိုင်နှုန်း ၏ပြောကြားချက်အရ (၁၇-၁၈) အရွယ်ကလေးများနှင့် အတူလုပ်ကိုင်ကြသည်။ သက်တူရွယ်တူအဖော်များရှိခြင်းသည် ကလေးသူငယ်များ၏ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုအတွက် အရေးကြီးပြီး အိမ်ဖော်အဖြစ် အလုပ်လုပ်ရသူကလေးများအနေဖြင့်မူ ၎င်းတို့ကိုယ်တိုင် သက်တူရွယ်တူအဖော်များနှင့် ကင်းကွာနေသည်ကို တွေ့ရှိရသည်။

---

30 လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ကဲ့သို့သောနေရာများသည် များပြားလှစွာသောကလေးများကို တပြိုင်တည်း အလုပ်ပေးနိုင်သောနေရာများဖြစ်သည်။ လက်ရှိဆန်းစစ်လေ့လာမှုတွင် လုပ်ငန်းခွင်မျိုးစုံမှကလေးများကို တွေ့ရှိခဲ့သော်လည်း အချို့သောအလုပ်များသည် ( ကျွမ်းကျင်မှုအနည်းငယ်သာလိုသော သို့မဟုတ် လုပ်ခနည်းသော) ကလေးသူငယ်များအတွက်သာ ရည်ရွယ်ထားရှိသောအလုပ်များဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အရွယ်ရောက်သူနှင့်ကလေးသူငယ်များကိုပါ အလုပ်ခန့်ထားသော်လည်း ကလေးငယ်များအနေဖြင့်မူ ရေသယ်ပေးရခြင်း (သို့မဟုတ်) သဲကော်ထည့်ပေးရခြင်း စသည်တို့ကိုလုပ်ကိုင်ရပြီး အရွယ်ရောက်သူများမှာမူ ပိုမိုခက်ခဲရှုပ်ထွေးသည့် အလုပ်များကိုလုပ်ရသည်။ ထိုကိစ္စရပ်နှင့်ပတ်သက်၍ သုတေသန ထပ်မံပြုလုပ်သင့်သည်။

အရေးအကြီးဆုံးမှတ်သားရမည့်အချက်မှာ တရားဝင်အလုပ်လုပ်ခွင့်ရှိသောအသက်ထက် ငယ်ရွယ်သည့်ကလေးများအပါအဝင် အလုပ်လုပ်နေသည့် ကလေးအားလုံးနီးပါးမှ ဖော်ထုတ်သိရှိရသည်မှာ အခြားသောကလေးများနှင့် အတူတကွလုပ်ကိုင်ကြရန်ဖြစ်သည်။ ထိုအချက်သည် ဤဆန်းစစ်လေ့လာမှုအတွင်း လှိုင်သာယာမြို့နယ်၌ ကလေးသူငယ်အလုပ်သမားများတွင်ကျယ်စွာ ပျံ့နှံ့နေသည့် အကြောင်းကို သွယ်ဝိုက်ညွှန်ပြနေသည့် အချက်ဖြစ်သည်။

**အခြားကလေးများနှင့်အတူအလုပ်လုပ်နေကြသည့်ကလေးများ**

| အသက်အုပ်စု | ၁၃ နှစ်အောက် | ၁၃-၁၅ နှစ် | ၁၆-၁၇ နှစ် |
|---|---|---|---|
| ၇-၁၀ | ၅၀% | ၃.၃% | ၀% |
| ၁၁-၁၃ | ၃၅.၇% | ၃၀% | ၈.၉% |
| ၁၄-၁၆ | ၀% | ၅၃.၃% | ၅၅.၄% |
| ၁၇-၁၈ | ၇.၁% | ၀% | ၂၆.၈% |
| အဖြေမရှိ | ၇.၁% | ၁၃.၃% | ၈.၉% |

မြန်ဆန်စွာဆန်းစစ်လေ့လာမှုဖြင့် ဖော်ထုတ်သိရှိရသည်မှာ ကျားမလိင်ကွဲပြားမှုကို ထည့်သွင်းမစဉ်းစားဘဲ မေးမြန်းခဲ့သည့် အားလုံးနီးပါးသောကလေးများမှာ ကလေးသူငယ်အလုပ်သမားများ အဖြစ်သတ်မှတ် နိုင်သည်။ ၎င်းတို့အနေဖြင့် ညအချိန် (သို့မဟုတ်) ညနေ (၆)နာရီမှ မနက် (၆)နာရီအတွင်း အလုပ် လုပ်ရသည် ကို မတွေ့ရသော်လည်း ၁၃နှစ်အောက်ရှိ ၅၀ ရာခိုင်နှုန်း သောကလေးများ၊ (၁၃-၁၅)နှစ် ရှိကလေးများ၏ ၇၃.၄ ရာခိုင်နှုန်း နှင့် (၁၆-၁၇)နှစ်အရွယ်ရှိကလေးများ၏ ၈၀.၃ ရာခိုင်နှုန်း မှာ **တစ်ပတ်လျှင် ၆ ရက်မှ ၇ ရက်အထိ** အလုပ်လုပ်ကြောင်းတွေ့ရသည်။ ထိုရက်များစွာအလုပ်လုပ်ရခြင်းအပြင် ကလေးအများစုသည် ရက်သတ္တပတ်လျှင် နာရီ (၄၀) ထက်ပို၍ အလုပ်လုပ်နေကြသည်။ ဤဆန်းစစ်လေ့လာမှုတွင် ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏အလုပ်ချိန်များကို သာမန်အလုပ်ချိန်များသို့ လျှော့ချရန်နှင့် အချိန်ပိုလုပ်ရန် မတိုက်တွန်းခဲ့သော်လည်း စက်ရုံများတွင် အလုပ်ရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများမှ ကလေးငယ်များအပိုဝင်ငွေရရှိစေရန် အချိန်ပိုလုပ်နိုင်ပြီး လုပ်နေကြကြောင်းကိုလည်း ညွှန်ပြနေသည်ကို တွေ့ရသည်။

## အပတ်စဉ်အလုပ်ချိန်နာရီများ

| ရက် | ၁၃ နှစ်အောက် | ၁၃-၁၅ နှစ် | ၁၆-၁၇ နှစ် |
|---|---|---|---|
| ၁-၁၀ | ၁၄.၃% | ၀% | ၀% |
| ၁၁-၂၀ | ၇.၁% | ၆.၇% | ၀% |
| ၂၁-၃၀ | ၇.၁% | ၃.၃% | ၁.၈% |
| ၃၁-၄၀ | ၃၅.၇% | ၆.၇% | ၉.၁% |
| ၄၀+ | ၃၅.၇% | ၈၃.၃% | ၈၉.၁% |

အလုပ်ချိန်ရှည်ကြာစွာလုပ်ရခြင်းအပြင် ကျားမလိင်ကွဲပြားမှုဖြင့် မခွဲခြားဘဲ သိရသည်မှာ ကလေးများ အနေဖြင့် အလုပ်ခွင်တွင်း နားချိန်နည်းပါးခြင်းဖြစ်သည်။ မေးမြန်းမှုအတော်များများတွင် ကလေးများ ထံမှာ သိရသည်မှာ ၎င်းတို့အနေဖြင့် တစ်ရက်တာအလုပ်ချိန်အတွင်း တစ်ကြိမ်သာနားချိန်ပေးသည်ဟု သိရပြီး ထိုနားချိန်မည်မျှကြာမြင့်သည်ကို တိကျစွာမသိခဲ့ရပါ။ အောက်ဖော်ပြပါ ဇယားတွင်တွေ့ရ သည့်အထောက်အထားအရ အသက်(၁၆-၁၇) နှစ်အရွယ်ကလေးများ၏ ၂၀ ရာခိုင်နှုန်း နီးပါးသည် အသက် ၁၃ နှစ်အောက်ကလေးများထက် နေ့လည်စာစားချိန်ပိုရဟန်ရှိသည်ကို တွေ့ရသည်။ အသက် အငယ်ဆုံးကလေးငယ်များသည် အလုပ်နားချိန်အားလုံးကို အနည်းဆုံးရရှိသူများဖြစ်သည်။[31] ဤအချက်သည် သမားရိုးကျပုံမှန်မဟုတ်သောလုပ်ငန်းများကို နေ့စားလုပ်နေရသည့် အလုပ်များကို ရည်ညွှန်းသည်။ ဥပမာ၊ ရေသန့်ပို့သူများ။ ပုံမှန်အလုပ်နားချိန်ရရှိကြသူများမှာ စက်ရုံများတွင် အလုပ် လုပ်နေ ကြသည့် အသက်အရွယ်ပိုကြီးသော ကလေးများသာ ဖြစ်ဟန်ရှိသည်။

---

[31] အခြားကလေးငယ်များ၏ပြောကြားချက်အရ ၎င်းတို့သည်နားချိန်အနည်းငယ်မျှသာ (သို့မဟုတ်) တစ်နေ့လျှင် နှစ်နာရီ ခန့်သာနားချိန်ရသည်ဟုဆိုသည်။ အခြားသောကိစ္စရပ်မှာမူ ပုံမှန်သမားရိုးကျမရှိသည့်လုပ်ငန်းပုံစံမှ ကလေးများဖြစ်သည်။ ဥပမာ ရေသန့်ပို့ခြင်း

## အလုပ်နားချိန်များ

| ရက် | ၁၃ နှစ်အောက် | ၁၃-၁၅ နှစ် | ၁၆-၁၇ နှစ် |
|---|---|---|---|
| **နံနက်** | ၇.၁% | ၃.၄% | ၁.၉% |
| **နေ့လည်စာ** | ၇၈.၆% | ၇၉.၃% | ၉၄.၄% |
| **နားချိန်မရှိ** | ၇.၁% | ၃.၄% | ၀% |
| **အခြား** | ၇.၁% | ၁၃.၈% | ၃.၇% |


မေးမြန်းခဲ့သည့် ကလေးငယ်အများစု၏ပြောကြားချက်အရ ၎င်းတို့သည် အလုပ်နားချိန်အချို့ရသည် ဟုသိရပြီး အသက် (၁၆-၁၇)ရှိကလေးများဖြစ်ကာ တစ်ပတ်လျှင်နားရက်တစ်ရက်ရရှိပြီး အလုပ်နားချိန် အမှန်တကယ်ရသူများ ဖြစ်ဟန်ရှိသည်။ ပို၍ငယ်ရွယ်သော ကလေးများ၏တစ်ဝက်နီးပါး အနေနှင့်မူ တစ်ပတ်လုံးတွင် နားရက်တစ်ရက်မှ မရကြပေ။ ထပ်မံ၍ သမားရိုးကျပုံမှန်မဟုတ်သော လုပ်ငန်းများမှ ပို၍ငယ်ရွယ်သော ကလေးများသည် ၎င်းတို့၏အလုပ်ခွင်အနေအထားများကို စောင့်ကြည့်ထိန်းသိမ်း ရန် ခက်ခဲသောကြောင့် အလုပ်ချိန်ခေါင်းပုံဖြတ်ခြင်းများကို ခံရစေပြီး ၎င်းတို့ကို ပိုမိုထိခိုက်လွယ် စေသည်။

## အားလပ်ရက်များ

| ရက် | ၁၃ နှစ်အောက် | ၁၃-၁၅ နှစ် | ၁၆-၁၇ နှစ် |
|---|---|---|---|
| **တစ်ရက်** | ၈.၃% | ၄၄.၈% | ၅၃.၇% |
| **နှစ်ရက်** | ၃၃.၃% | ၆.၉% | ၉။၃% |
| **၁x၂ပတ်တိုင်း** | ၀% | ၀% | ၃.၇% |
| **ပွဲရက်** | ၁၆.၇% | ၃.၄% | ၁၁.၁% |
| **အားလပ်ရက်မရှိ** | ၄၁.၇% | ၄၄.၈% | ၂၂.၂% |

ကလေးများ၏ကိုယ်တိုင်ပြောကြားချက်အရ ၎င်းတို့အလုပ်ခွင်တွင်းမဟုတ်သည့် အားလပ်ချိန်များကို အိမ်တွင်ကူညီလုပ်ကိုင်ခြင်း (သို့မဟုတ်) တောက်တိုမယ်ရများကူညီခြင်း၊ တီဗီကြည့်ခြင်း (သို့မဟုတ်)

သူငယ်ချင်းများနှင့် ကစားသည်ဟုဆိုသည်။ မိန်းကလေးများသည် ယောကျာ်းလေးများ ထက်ပို၍ အားလပ်ချိန်များတွင် အိမ်မှုကိစ္စများကူညီပေးရသည်ကိုတွေ့ရပြီး ယောကျာ်းလေးများ ကဲ့သို့ သူငယ်ချင်းများနှင့်ကစားသည်ထက် တီဗီကိုပိုမိုကြည့်ရှုကြဟန်ရှိသည်။ ထို့အပြင် ယောကျာ်းလေးများ သည် မိန်းကလေးများနှင့်နှိုင်းယှဉ်လျှင်အားလပ်ချိန်များတွင် ဘာမှမလုပ်ဘဲနေခြင်း သို့မဟုတ် အိပ်ခြင်း (အခြား) ကိစ္စရပ်များကိုလုပ်ကိုင်ကြသည်။ ယောကျာ်းလေး၊ မိန်းကလေး နှစ်မျိုးစလုံးသည် ၎င်းတို့၏ အားလပ်ချိန်များတွင်အိမ်၌သာ နေကြသော်လည်း မိန်းကလေးများသည် သက်ရွယ်တူ ယောကျာ်းလေး များနှင့် နှိုင်းယှဉ်ပါက အားလပ်ချိန်များ၌ အိမ်မှုကိစ္စများကို ပိုမိုကူညီကြသည်မှာ ထင်ရှားသည့် အချက်ဖြစ်သည်။




ကလေးအားလုံးသည်အိမ်မှုကိစ္စများကိုကူညီရပြီး ပိုမိုငယ်ရွယ်သောကလေးများသည် ကြီးသော ကလေးများထက် ထိုအိမ်မှုကိစ္စများကို ပိုမိုကူညီကြသည်ကို တွေ့ရသည်။ အသက် (၁၃)နှစ်အောက် ယောကျာ်းလေးများ၏ ပြောကြားချက်အရ တစ်နေ့လျှင် ၃.၆၇ နာရီခန့် အိမ်မှုကိစ္စများကူညီရပြီး (၁၃) နှစ်အောက်မိန်းကလေးများသည် ၂.၆၀ နာရီခန့် ကူညီရသည်။ အသက် (၁၃-၁၅)နှစ်ယောကျာ်းလေး များသည် အိမ်အလုပ်များကို တစ်နေ့လျှင် ၁.၃၈ နာရီကူညီရပြီး မိန်းကလေးများသည် ၃.၁၃ နာရီခန့် ကူညီရသည်။ အသက် (၁၆-၁၇) တွင်မှု ယောကျာ်းလေး တစ်ရက်လျှင် ၂.၃၁ နာရီနှင့် မိန်းကလေး ၂.၉၇ နာရီဖြစ်သည်။ မိန်းကလေးများသည် အိမ်တွင်း မီးဖိုချောင်နှင့်သန့်ရှင်းရေးဆိုင်ရာအလုပ်များ ကိုလုပ်ကိုင်ရပြီး ယောကျာ်းလေးများမှာမူ ပြင်ပအလုပ် (၇၀.၃ ရာခိုင်နှုန်း) ကိုလုပ်ကိုင်ရပြီး တောက်တို မယ်ရများနှင့် ရေပို့ရခြင်းများဖြစ်သည်။ နောက်ပိုင်းတွင်ရှင်းလင်းထားသည့်အချက်များအရ အသက်

အငယ်ဆုံးယောက်ျားလေးနှင့် မိန်းကလေးများအကြား အိမ်မှုကိစ္စများကို လုပ်ကိုင်ကြသည့် အချိန်နာရီ ကွာခြားချက်များကို သိရှိနိုင်မည်ဖြစ်ကာ ယောက်ျားလေးများသည် ရေသန့်ပို့သည့် အလုပ်ကို လုပ်ရပြီး ထိုရေပို့သည့် အလုပ်သည်၎င်းတို့အတွက် အိမ်မှုကိစ္စတစ်ရပ်ဖြစ်သည်။


**အိမ်မှုကိစ္စများ**

| အလုပ် | မိန်းကလေး | ယောကျာ်းလေး |
|---|---|---|
| **အချက်အပြုတ်** | ၆၁.၇% | ၁၃.၅% |
| **သန့်ရှင်းရေး** | ၈၃% | ၃၇.၈% |
| **ကလေးထိန်း** | ၂၇.၇% | ၁၀.၈% |
| **ဈေးဝယ်** | ၇၆.၆% | ၂၉.၇% |
| **သက်ကြီးပြုစုခြင်း** | ၁၄.၉% | ၅.၄% |
| **စောင့်ရှောက်ခြင်း** | ၇၈.၇% | ၁၆.၂% |
| **အခြား** | ၂၇.၇% | ၇၀.၃% |

အားလုံးသောကလေးများသည် အလုပ်ကြောင့် ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုရှိသော်လည်း စိတ်ပိုင်းဆိုင်ရာ ပင်ပန်းမှုမှာ အကြိမ်ရေနည်းပါးကြောင်းသိရသည်။ ၎င်းတို့မှအခြားဖော်ပြသော ခံစား ရသည်တို့မှာ အမျိုးမျိုးသော အလုပ်ဆိုင်ရာ နာမကျန်းဖြစ်မှုများဖြစ်ပြီး အဖြစ်အများဆုံးမှာ ခေါင်းကိုက် ခြင်းနှင့် ခန္ဓာကိုယ်ကိုက်ခဲခြင်းများဖြစ်သည်။ ယေဘုယျအားဖြင့် မိန်းကလေးများသည် ယောက်ျားလေး များထက်ဖြစ်သည့်အကြိမ်ရေပိုများသည်။ ထိုအချက်မှာ မိန်းကလေးများအနေဖြင့် ဝင်ငွေလုပ်ခရရန် အလုပ်လုပ်ရခြင်းအပြင် အိမ်မှုကိစ္စများကိုလည်းပိုမိုကူညီရသောကြောင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးဝါးစေခြင်းဖြစ်နိုင်ပေသည်။ ထို့အပြင် ယောက်ျားလေးများ အနေဖြင့်ခံစားရ သည်များကို အနည်းငယ်သာ ထုတ်ဖော်ပြောဆိုကြခြင်းမှာ အားနည်းသည်ဟု ထင်သွားစေနိုင်ခြင်း ကြောင့် ထုတ်ဖော်ပြသခြင်း၊ ပြောဆိုခြင်းမပြုသည်များလည်း ဖြစ်နိုင်ပါသည်။

ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ကြွက်သားနာကျင်ခြင်းများနှင့် ခေါင်းကိုက်ခြင်းများသည် ကလေးအများစု လုပ်ကိုင်နေရသည့်အလုပ်များဖြစ်သည့် ကျွမ်းကျင်မှုအနည်းငယ်သာလိုအပ်ပြီး ပုံစံတစ်မျိုးတည်း ထပ်ခါထပ်ခါအလုပ်လုပ်ရသော အလုပ်ပုံစံများကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုများဖြစ်သည်။ အဆောက်အဦးပြင်ပတွင်လုပ်ရခြင်း၊ လေးလံသည့်အရာများကို တွန်းရ/မရခြင်းနှင့် အချိန်ကြာမြင့်စွာ


ကုန်း၍လုပ်ကိုင်ရခြင်းတို့သည် ၎င်းတို့၏အလုပ်ခွင်အတွင်း အများဆုံးတွေ့ကြုံရသည်များ ဖြစ်ပြီး ဖုန်မှုန့်/မီးခိုးများနှင့် လွန်ကဲသောအပူရှိန်များသည် ၎င်းတို့အလုပ်ခွင်၌တွေ့ကြုံရသော အဖြစ်များသည့် ဘေးအန္တရာယ်များဖြစ်သည်။




ကလေးများ၏ဖြေကြားချက်အရ အလုပ်နှင့်ဆက်စပ်၍ အဖြစ်အများဆုံး ထိခိုက်ဒဏ်ရာရမှုနှင့် နာမကျန်းဖြစ်မှုများမှာ ဖျားနာခြင်း၊ အလွန်အမင်းပင်ပန်းနွမ်းနယ်ခြင်း၊ မျက်စိနာခြင်းများနှင့် ဝမ်းလျှော ခြင်းများဖြစ်သည်။ ဖျားနာခြင်းနှင့် ဝမ်းလျှောခြင်းများသည် အလုပ်ကြောင့်ဆက်စပ်ဖြစ်ပွား သည့်ရောဂါ များဟု ဆုံးဖြတ်ရန်ခဲယဉ်းပြီး အထူးသဖြင့်ထိုသို့ခံစားရခြင်းများမှာ အဖြစ်များသော နာမကျန်းဖြစ်မှုများ ဖြစ်သောကြောင့်ဖြစ်သည်။[32] အလွန်အမင်း ပင်ပန်းနွမ်းနယ်ခြင်းနှင့် မျက်စိနာခြင်းတို့သည် ကလေးများ

[32]လှိုင်သာယာရှိကလေးသူငယ်များအားလုံး၏ကျန်းမာရေးအခြေအနေများအတွက် သုတေသနထပ်မံပြုလုပ်ရန်လိုအပ်သည်။ဝမ်းလျှောဝမ်းပျက်ခြင်းသည် မြန်မာနိုင်ငံရှိမြို့ပြလူဦးရေအတွင်း အဖြစ်များပြီး ရေကြောင့်ဖြစ်သောရောဂါများကြောင့် အသက်ဆုံးရှုံးမှုနှုန်းမြင့်မားစေသည်။ ၂၀၁၃ ခုနှစ် "ရန်ကုန်နှင့် ပုသိမ်မြို့များအတွက် ရေပေးဝေရေး အဆင့်မြှင့်တင်မှု စီမံကိန်းလေ့လာရေး" တွင် အများပြည်သူသန့်ရှင်းကျန်းမာရေးအတွက် စည်ပင်သာယာမှပေးဝေသော သောက်သုံးရေသည် ရန်ကုန်ကဲ့သို့သောမြို့များတွင် လုံလောက်မှုမရှိဟူသောအချက်ကိုတွေ့ရသည်။ လှိုင်သာယာသည် ရန်ကုန်မြို့ စည်ပင်သာယာရေးမှ ရေဖြန့်ဝေမှု၏ ၂% ကိုသာရရှိပြီး ၁% မှာအများသုံးရေတွင်းများမှ၊ ၆၉%မှာ ကိုယ်ပိုင်ရေတွင်းများ၊ ၂၃%မှာ အနီးအနားဝန်းကျင်ရှိရေများနှင့်ကျန်သည့် ရာခိုင်နှုန်းအားလုံးကို အခြားအရင်းအမြစ်များမှ ရရှိသည်။ လေ့လာမှုမှ တွေ့ရှိရသည်မှာ YCDC မှပေးဝေသောရေကိုရရှိသည့် ၃၈%သောသူများမှလွဲ၍ ကျန် ၆၈%သော လူဦးရေမှ သုံးစွဲနေသည့်ရေများမှာ သောက်ရေကဲ့သို့ သင့်လျော်ကောင်းမွန်သော ရေအရည်အသွေးထိန်းသိမ်းသည့်စနစ်မရှိဘဲ ထိုကျန်ရှိ

လုပ်ကိုင်ရသည့် ကျောက်သယ်ခြင်း သို့မဟုတ် စက်ချုပ်ခြင်းလုပ်ငန်းများ ကြောင့်ဖြစ်ပွားသည်ကို ထင်ဟပ်စေသည်။





ကလေးအများစု အထူးသဖြင့် အသက် (၁၃)နှစ်အောက်နှင့် (၁၆-၁၇) အရွယ် မိန်းကလေးများသည် ၎င်းတို့၏အလုပ်များကို နှစ်မြိုက်သည်ဟု သိရပြီး လက်ရှိအလုပ်ကို ဆက်လက်လုပ်ကိုင်လိုစိတ်ရှိမရှိ မေးမြန်းရာတွင် ရှိသည်ဟုသာဖြေကြသည်။ ကလေးများဆက်လက် အလုပ်လုပ်လိုသည်ဟူသော အချက်သည် ၎င်းတို့အလုပ်လုပ်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ရသည့် အခြေအနေများနှင့် အနေအထား အတူတူပင်ဖြစ်ကြောင်းနားလည်သဘောပေါက်ရန်လိုသည်။ ဥပမာ၊ ကလေးများ အလုပ်လုပ်လိုကြသည်မှာ မိသားစုဝင်ငွေတိုးပွားရန်နှင့် မိသားစုအကြွေးများကို ကူညီပေးဆပ်ရန်၊ ကျောင်းဆက်လက်တက်ရောက်ရန် တားဆီးနေသည့်ကုန်ကျငွေများကြောင့် ပညာရေးကို လက်လှမ်းမမီနိုင်ခြင်း စသည်တို့ဖြစ်သည်။ အလုပ်သည် ၎င်းတို့အခြေအနေများမှ လွတ်မြောက်စေနိုင်သော သို့မဟုတ် တိုးတက်စေနိုင်သော အခွင့်အလမ်းတစ်ရပ်အဖြစ်ယူဆပြီး ၎င်းတို့မိသားစုများ အတွက်လည်း အကျိုးရှိ၊ အသုံးဝင်သောအခွင့်အရေးဖြစ်သည်။ ကလေးသူငယ်များအလုပ်လုပ်လိုသည် ဟူသော အချက်သည် ၎င်းတို့၏ အခြေအနေ၊ အခွင့်အလမ်းနှင့် လုပ်ဆောင်ရမည့် ဝတ္တရားများကို ထင်ဟပ်လျက်ရှိပြီး ကလေးများ၎င်းတို့၏အလုပ်ကို သဘောကျသည်ဟူသည့် အချက်မှာ အမှန်တကယ်လုပ်နေရသည့်

---

လူဦးရေသည် ရေမှတဆင့်ကူးစက်တတ်သောရောဂါများ (ဝမ်းပျက်ဝမ်းလျှောကဲ့သို့) ကူးစက်ခံရနိုင်မှုအန္တရာယ် ရှိနေသည်။ ထို့အပြင် YCDC မှဖြန့်ဝေသောရေသည်လည်း လုံလောက်စွာ သန့်ရှင်းပိုးသတ်ထားခြင်းမရှိပါ။
http://www.mhlw.go.jp/topics/bukyoku/kenkou/suido/jouhou/other/dl/04_150324b.pdf

အလုပ်ကိုနှစ်ခြိုက်ကြောင်း ဆိုလိုခြင်းထက် ၎င်းတို့၏ ဆင်းရဲသော မိသားစုများအတွက် ကူညီရမည့် ဝတ္တရားများကို ဖြည့်ဆည်းခွင့်ရကြသောကြောင့် ဖြစ်သည်။




မေးမြန်းခဲ့သည့်ကလေးငယ်များအနက်မှ မိန်းကလေး ၁၂ ရာခိုင်နှုန်း နှင့် ယောကျ်ားလေး ၂၄ ရာခိုင်နှုန်းသည်သာ ယခုနှစ်အတွင်း အစိုးရကျောင်းများတွင်တက်နေကြသည်ဟု ဖြေသည်။ ကျောင်းတက်နေသူအများစုမှာ အသက်ငယ်သေးသူများဖြစ်ကြပြီး မူလတန်း (သို့မဟုတ်) အလယ်တန်းအဆင့်များဖြစ်ကြသည်။ အသက် ၁၃ နှစ်အောက်ကလေးများ၏ ၆၄ ရာခိုင်နှုန်းသည် ကျောင်းတက်ကြသည်။ ကလေးငယ်များအနက်မှ ယောကျ်ားလေးနှစ်ဦးသည်သာ အထက်တန်းတက်နေသည်ဟုဆိုသည်။ ကျောင်းတက်နေသည်ဟု ဆိုရာ၌ အရေးကြီးသည့် မှတ်သားရမည့်အချက်မှာ ကလေးငယ်များသည် ကျောင်းမှန်မှန်တက်နေကြသည် မဟုတ်ဘဲ ကျောင်းအပ်ထားခြင်း/စာရင်းသွင်းထားခြင်းမျိုးလည်း ဖြစ်နိုင်သည်။ အမှန်တကယ်တွင် ကျောင်းတက်နေသည်ဟူသည့် မိန်းကလေး ၆၇ ရာခိုင်နှုန်း နှင့် ယောကျ်ားလေး ၄၂ ရာခိုင်နှုန်းမှာ ကျောင်းသင်ခန်းစာများသည်ခက်ခဲပြီး နားလည်ရန်ခက်သည် သို့မဟုတ် ပျင်းရိငြီးငွေ့ဖွယ်ကောင်း သောကြောင့် ကျောင်းလွတ်သည်ကများသည်ဟုဆိုသည်။[33]

[33] ကျောင်းလွတ်သည့်ရက်များဆိုရာတွင် ကျောင်းအားလပ်ရက်/ပိတ်ရက်များမပါဝင်ပါ။

## ကျောင်းအဆင့်အတန်း

| အသက်အုပ်စု | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|
| < ၁၃ နှစ် မိန်းကလေး | ၂ | - | - |
| < ၁၃ နှစ် ယောကျာ်းလေး | ၇ | - | - |
| ၁၃-၁၅ နှစ် မိန်းကလေး | - | ၃ | - |
| ၁၃-၁၅ နှစ် ယောကျာ်းလေး | - | ၂ | ၁ |
| ၁၆-၁၇ နှစ် မိန်းကလေး | - | - | - |
| ၁၆-၁၇ နှစ် ယောကျာ်းလေး | - | - | ၂ |

မေးမြန်းခဲ့သည့်ကလေးအများစုမှာ လက်ရှိတွင်ကျောင်းမတက်သော်လည်း ယခင်ကကျောင်းတက်ခဲ့ကြသူများဖြစ်ပြီး ကလေးများကျောင်းထွက်ခြင်းနှင့် စတင်အလုပ်လုပ်ခြင်းတို့တွင် အပြန်အလှန်ဆက်စပ်မှုရှိသည်။ မေးမြန်းခဲ့သည့်ကလေးငယ်များတွင် မူလတန်းအဆင့်ကိုသာ အများဆုံးတက်ရောက်ခဲ့ကြသော မိန်းကလေးများထက် ယောကျ်ားလေးများက ပို၍အဆင့်မြင့်သော အတန်းထိတက်ရောက်သည်ကို တွေ့ရသည်။ ဤလေ့လာမှုတွင် ကျောင်းအားလပ်ရက်မှသာ အလုပ်လုပ်သောကလေးငယ်များကို မတွေ့ခဲ့ရပါ။

## ရောက်ရှိခဲ့သည့် ကျောင်းပညာအဆင့်အတန်း

| အသက်အုပ်စု | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|
| < ၁၃ နှစ် မိန်းကလေး | ၂ | - | - |
| < ၁၃ နှစ် ယောကျာ်းလေး | - | ၁ | - |
| ၁၃-၁၅ နှစ် မိန်းကလေး | ၈ | ၂ | ၁ |
| ၁၃-၁၅ နှစ် ယောကျာ်းလေး | ၆ | ၅ | ၁ |
| ၁၆-၁၇ နှစ် မိန်းကလေး | ၁၈ | ၁၂ | - |
| ၁၆-၁၇ နှစ် ယောကျာ်းလေး | ၆ | ၁၂ | ၄ |

အလုပ်လုပ်နေသောကလေးငယ်များထဲမှ ကျောင်းဆက်မတက်သောကလေး ၄၅ ရာခိုင်နှုန်းသာ ကျောင်းပြန် တက်လိုသည်ဟုပြောကြသည်။[34] ကျောင်းပြန်တက်လိုသူများထဲမှ တစ်ဝက်ကျော် ၅၄ ရာခိုင်နှုန်းမှာ အသက် (၁၆-၁၇) နှစ်အရွယ်များ ဖြစ်ကြပြီး ၃၇ ရာခိုင်နှုန်းမှာ (၁၃-၁၅)နှစ် အရွယ်များ ဖြစ်ကြသည်။ လေ့လာမှုအတွက် မေးမြန်းခဲ့သည့် (၁၃)နှစ်အောက်ကလေး (၁၄) ယောက်တွင် (၉)ယောက်မှာ လက်ရှိကျောင်းတက် လျက်ရှိပြီး (၃) ယောက်ကကျောင်းပြန်တက် လိုသည်ဟု ဆိုသည်။ ကလေးများကျောင်းတက်စာသင် လိုသည့်ဆန္ဒနှင့်ပတ်သက်၍ ရရှိလာသည့် ရလဒ်များမှ တိကျသည့် နိဂုံးချုပ်ဆုံးဖြတ်ချက် ချမှတ်ရန် မဖြစ်နိုင်သော်လည်း ခိုင်မာစွာထောက်ပြနိုင်သည့် အချက်မှာ ကလေးများအနေဖြင့် ၎င်းတို့၏ အကြပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ကျောင်းပြန် တက်ခြင်းသည် နှစ်သက်ဖွယ်အဖြေတစ်ခု မဟုတ်သလို အလုပ်လုပ်ခြင်းသည် ၎င်းတို့အတွက် ပိုမို အကျိုးခံစားရသည် သို့မဟုတ် အသုံးဝင်သည်ဟူသည့် အချက်ဖြစ်သည်။

## ရပ်ရွာလူမှုအသိုင်းအဝိုင်းအဆင့်တွင်သာမက အခြားသော အရေးပါသည့်အချက်များ၊ ဖြစ်စဉ်များနှင့် လွှမ်းမိုးမှုများ

လေ့လာမှုအရတွေ့ရှိရသည်မှာ ဆင်းရဲနွမ်းပါးခြင်းသည် ကလေးသူငယ်အလုပ်သမားများ ဖြစ်ပေါ်လာရန် အဓိကမောင်းနှင်နေသောအချက်ဖြစ်သည်။ ဆင်းရဲနွမ်းပါးခြင်းသည် ပညာရေးအတွက်လည်း အဓိက အတားအဆီးဖြစ်ပြီး ကလေးများကျောင်းဆက်လက်မတက်ရောက်နိုင်သော ပဓာနကျသည့် အချက်ဖြစ်သည်။[35] ထိုမျှမက စိတ်ပါဝင်စားမှုမရှိခြင်းအပြင် ကျောင်းရှိအခက်အခဲများ၊ ပျင်းရိငြီးငွေ့မှု နှင့် ရည်မှန်းချက်ပန်းတိုင်မရှိခြင်းတို့သည်လည်း ကလေးများ၏ အတူပါဝင်သည့်အချက်များဖြစ်သည်။ ကလေးသူငယ်အလုပ်သမားများ၏ မိသားစုများသည် ၎င်းတို့နေထိုင်ရာ ရပ်ရွာများတွင် ကလေးငယ် များကို အလုပ်ရှာဖွေပေးခြင်းဖြင့် ၎င်းတို့မိသားစုများ ၏အခြေအနေကို ရေရှည်ထိန်းသိမ်းရာ နည်းလမ်း တစ်ခု ဖြစ်လာသည်။ ပညာရေး၏တန်ဖိုးကိုကောင်းစွာနားလည်ကြသော်လည်း ဆင်းရဲနွမ်းပါးသော

---

[34] ဤလေ့လာမှုတွင်ကလေးများအဘယ်ကြောင့်ကျောင်းပြန်တက်လိုသနည်းဟူသောအချက်ကို မရှာဖွေခဲ့ပါ။ ဖြစ်နိုင်သည်မှာအသက်ပိုကြီးသော ကလေးများအနေဖြင့် ကျောင်းတက်ခြင်းဖြင့်အနာဂတ်တွင် ပိုမိုကောင်းမွန်အဆင့်မြင့်လာမည်ဖြစ်ပြီးလူမှုအသိုင်းအဝိုင်းအတွင်း မြင့်မားသောအဆင့်ကို ရောက်ရှိမည်ဟု သဘောပေါက်လာကြခြင်း သို့မဟုတ် ၎င်းတို့ လုပ်နေရသောအလုပ်များကိုပင်ပန်းငြီးငွေ့လာကြခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ထိုကိစ္စရပ်နှင့် ပတ်သက်၍ သုတေသနများ ထပ်မံပြုလုပ်ရန် လိုအပ်ပါသည်။


[35] မြန်မာနိုင်ငံတွင်ပညာရေးစနစ်သည် အခမဲ့စနစ်ဖြစ်သည်။ မိဘများအနေဖြင့် ကလေးများကို ကျောင်းထားရန်အတွက် အခကြေးငွေပေးရန်မလိုပေ။ကုန်ကျသည်များမှာ သွယ်ဝိုက်ကုန်ကျမှုများဖြစ်သည်။ ဥပမာအားဖြင့် ပြင်ပဆရာ/ဆရာမများ လခ၊ ယူနီဖောင်းခ၊ စာအုပ်နှင့် သယ်ယူပို့ဆောင်ရေးကုန်ကျငွေများသည် မိသားစုများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများဖြစ်သည်။ ကလေးများသက်ဆိုင်ရာဘာသာရပ်များအောင်မြင်ရန်နှင့် အမှတ်ကောင်းကောင်းရစေရန်အတွက် လစာနည်းသောဆရာ/ဆရာမများအနေဖြင့် ကလေးငယ်များ ကျောင်းဆင်းလျှင် ထိုဆရာ/ဆရာမများ၏ နေအိမ်တွင် အခပေးကျူရှင်တက်ခိုင်းခြင်းများမှာ ထုံးစံဖြစ်နေသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ ထို့အပြင် ကလေးငယ်များကို မြုပ်နှံကျောင်းထားသည့် မိသားစုများမှာ ရေရှည်ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းမှုနည်းဗျူဟာတစ်ခုဖြစ်ပြီး ကလေးငယ်များကို အလုပ်လုပ်စေသည့် မိသားစုများအတွက်မူ ရေတိုဘဏ္ဍာရေးဆိုင်ရာဖြေရှင်းမှုများ ရရှိနိုင်ရန်ဖြစ်သည်။

မိသားစု များအနေဖြင့် အနာဂတ်ကာလအထိ ပေးဆပ်မြုပ်နှံသွားရန်အတွက်မူ ဝေးကွာခက်ခဲလှသော ကိစ္စရပ် တစ်ခုဖြစ်သည်။

ဤဆန်းစစ်လေ့လာမှုတွင် တွေ့ရှိချက်အရ မေးမြန်းခဲ့သောကလေးများ၏ ၇၇ ရာခိုင်နှုန်းသည် အလုပ်လုပ်ရန် ဆုံးဖြတ်ချက်ကိုၾငင်းတို့ကိုယ်တိုင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေး သူငယ်များ ဆိုင်ရာအဖွဲ့အစည်းများသည် ကောင်းမွန်စွာမှတ်တမ်းတင်ထိန်းသိမ်းထားရှိကြပြီး ကလေး သူငယ်များ၊ အထူးသဖြင့် ဤလေ့လာမှုတွင်ပါဝင်သည့် အသက်ပို၍ငယ်ရွယ်သည့်ကလေးများ သည်ပင် ၎င်းတို့အလုပ်လုပ်ရန် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အနောက်တွင် အကြောင်းရင်းခံများစွာ ပါဝင်သည်မှာ ယုံမှားသံသယရှိရန်မလိုပေ။[36] ဥပမာအားဖြင့် မိသားစုဝင်ငွေ၊ ကြွေးမြီနှင့် ကုန်ကျစရိတ် မြင့်မားသည့် ပညာရေးတို့သည် ကလေးငယ်တို့၏ တစ်ဦးခြင်းလွတ်လပ်မှုများနှင့် အပြန်အလှန် ဆက်စပ်တည်မှီ နေသည့်အချက်များဖြစ်သည်။ ဤဆန်းစစ်လေ့လာမှုတွင် ကလေးများအလုပ်လုပ်ရန် အတင်းအကျပ် စေခိုင်းခြင်းမျိုးကို မတွေ့ခဲ့ရသော်လည်း ကလေးသူငယ်များအတွက် ထုံးတမ်းဓလေ့ ယုံကြည်ချက်များ၏ ဖိအားနှင့် မိသားစုကျေးဇူးဆပ်ရန် ဝတ္တရားတို့သည့် ကလေးငယ်များ အလုပ် လုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ရာတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့်မပါဝင်ဟု ဆို၍မရပေ။ အမှန်တကယ် တွင် အဘယ်ကြောင့်ကလေးများအလုပ်လုပ်ရန် ဆုံးဖြတ်ချက်ချသနည်းဟုဆိုရာ၌ ၎င်းတို့ တစ်ဦးချင်းစီ ၏ လိုအပ်များကြောင့်ချမှတ်ခဲ့ရခြင်းများ မပါရှိပေ။


---

[36] G.K.Lieten, *ကလေးသူငယ်များ၊ ဖွံ့စည်းပုံနှင့် အောဂျင်စီ၊ဖွံ့ဖြိုးဆဲကမ္ဘာတလွှားမှ အမှန်တရားများ၊* ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုအသိုက်အဝန်း, Routledge၏စာတွဲ (စာအုပ် ၁၆)၊ Routledge, 2008; Olga Nieuwenhuys, "ကလေးငယ်များ၏ အင်အား၊ ကလေးသူငယ်အလုပ်သမားဆိုင်ရာစကားချေတင်ဆွေးနွေးခြင်း"၊ ခေတ်သစ်ကလေးငယ်များဘဝကိုလေ့လာမှု။ *လူမှု အသိုက်အဝန်း၊အောဂျင်စီနှင့် ယဉ်ကျေးမှု၊* ed.Jens Qvortrup, Houndmills, Basingstoke, Hampshire, New York: Palgrave Macillan, 2005, pp.167-183; Ann Whitehead, Iman M. Hashim & Vegard Iversen, "အာဖရိကနှင့် တောင်အာရှမှ ကလေးသူငယ်ရွှေ့ပြောင်းနေထိုင်ခြင်း၊ ကလေးသူငယ်အောဂျင်စီနှင့် မျိုးဆက်များအကြား အပြန်အလှန် ဆက်သွယ်ချိတ်ဆက်မှု", Working paper T 24, Sussex Centre for Migration Studies, 2007.




ကလေးသူငယ်များသည် ကိုယ်ရေးကိုယ်တာ သို့မဟုတ် တစ်ဦးချင်းစီ၏ အကျိုးအမြတ်အတွက် အလုပ်လုပ်ခြင်းမရှိကြပေ။ ၎င်းတို့အလုပ်လုပ်ရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အများစုမှာ ၎င်းတို့၏မိသားစုများကို ကူညီရန်ဖြစ်သည်။ မိသားစုဝင်ငွေတိုးပွားရန်နှင့် မိသားစုအကြွေးများသည် အဓိကအကြောင်းခံများဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာများ သင်ယူရန်ဖြစ်သည်။ ကလေးများနှင့် မိဘများကိုယ်တိုင် အလုပ်ခွင်သည် အတတ်ပညာများကို နောင်အနာဂတ်အတွက် သင်ယူရာနေရာဟု ယူဆကြသည်။ ပညာရေးအတွက် အတားအဆီးဖြစ်စေသော ကုန်ကျစရိတ်များသည် ကလေးငယ်များအား အလုပ်လုပ်ခြင်း မြင့်တက်စေသည်။ ၃၂ ရာခိုင်နှုန်းသော ကလေးငယ်များ၏ ပြောကြားချက်အရ ၎င်းတို့အလုပ်လုပ်ရသည့် အကြောင်းရင်းတစ်ခုမှာ ကျောင်းနေစရိတ်အလွန်ကြီးမြင့်ခြင်းဖြစ်သည်။

## ကလေးများအလုပ်လုပ်ရသည့် အကြောင်းအရင်း




| | မိန်းကလေး | ယောကျ်ားလေး |
|---|---|---|
| မိသားစုဝင်ငွေ | ၁၀၀% | ၁၀၀% |
| မိသားစုအကြွေး | ၆၆% | ၄၃.၂၀% |
| သင်ယူနိုင်မှု | ၃၆.၂၀% | ၂၁.၆၀% |
| ကျောင်းပညာရေး အသုံးမဝင် | ၀% | ၈.၁၀% |
| ကျောင်းစရိတ် ဈေးကြီးခြင်း | ၂၁.၃၀% | ၁၀.၈၀% |
| ကျောင်းစာ စိတ်မဝင်စား | ၁၉.၁၀% | ၁၆.၂၀% |

ပညာရေးကုန်ကျစရိတ်၊ ပညာရေး၏တန်ဖိုးနှင့် အတတ်ပညာများ တတ်မြောက်ရန်လိုအပ်မှုတို့ အကြား ဆက်စပ်မှုကြောင့် ကလေးငယ်များ ပညာရေးတွင် စိတ်ဝင်စားမှုနည်းပါးသွားစေခြင်းကို ရှာဖွေလေ့လာသင့်ပေသည်။ ကလေးများလုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများကို စိတ်ဝင်စားလာခြင်းသည် ဝင်ငွေကဲ့သို့ လတ်တလောအကျိုးခံစားရမှုများနှင့် အသက်မွေးဝမ်းကျောင်းအလုပ်ကို တိုးတက်လာစေမည့် အချက်များမှာ မမြင်သာဘဲ တွက်ဆရန်ခက်ခဲခြင်းကြောင့် ပညာရေးတွင် စိတ်ဝင်စားမှုနည်းပါးသွားသည်ဟူသည့်အချက်တို့မှာ ချိတ်ဆက်လျက်ရှိသည်။

ကလေးငယ်များ ၎င်းတို့၏လစာများကို အသုံးပြုသည့် အနေအထားသည် ၎င်းတို့၏မိသားစုများကို ကူညီရန်အတွက် အလုပ်လုပ်ရခြင်းဖြစ်သည် ဟူသည့်အချက်ကို ထင်ဟပ်လျက်ရှိသည်။ မေးမြန်းခဲ့သည့်ကလေးငယ်များတွင် ၉၁ ရာခိုင်နှုန်းသည် ၎င်းတို့၏လုပ်ခလစာ အားလုံးကို မိမိတို့မိသားစုသို့ ပေးကြပြီး ကလေးတစ်ဦးတည်းကသာ သူ၏လုပ်ခလစာကို သူကိုယ်တိုင်ပင်သုံးသည်ဟု ဆိုသည်။ ၈၄ ရာခိုင်နှုန်းသောကလေးများ၏ ဖြေကြားချက်များအရ ၎င်းတို့၏ လုပ်ခ၊လစာများသည် မိသားစု အသုံးစရိတ်၊ ၎င်းတို့အတွက်သုံးစွဲခြင်းများ၊ အတတ်ပညာသင်ယူရာနှင့် စုဆောင်းရန်အတွက် သုံးစွဲသည်ဟုဆိုသည်။

## ကလေးသူငယ်များနှင့် ၎င်းတို့၏အလုပ်ခွင်မိသားစုများအပေါ်တွင် ယခင်ပြုလုပ်ခဲ့သောစီမံချက်များမှ သက်ရောက်မှုများ

မေးမြန်းခဲ့သောကလေးအယောက် (၁၀၀)အနက် (၁၂) ယောက်ကသာ အသက်မွေးဝမ်းကျောင်း ဆိုင်ရာသင်တန်းတက်ရသည်ဟု ဆိုသည်။ သင်ကြားခဲ့ရသည်များမှာ ကားပြင်ခြင်း၊ စက်ချုပ်ခြင်းနှင့် ချက်ပြုတ်ခြင်းများဖြစ်ကြသည်။ ထိုကလေး (၁၂) ယောက်ထဲမှ (၈) ယောက်ကသာ ထပ်မံသင်ကြား ပေးမည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တက်ရောက်လိုသည်။ မူလပေးသည့်သင်တန်းနှင့် ပတ်သက်၍ မေးမြန်းရာတွင် ကလေးငယ်များအနေဖြင့် ၎င်းတို့၏အလုပ်ရှင်များနှင့်အတူတကွ တတ်မြောက်သည့် အတတ်ပညာကိုထင်ရှားစွာ သတ်မှတ်ဖော်ပြနိုင်ခြင်းမရှိကြချေ။

ဖြေကြားသူများတွင် ယခင်တက်ရောက်ခဲ့သောသူ အရေအတွက်နည်းပါးခြင်းနှင့် ထိုသင်တန်းပေးသူ ကိုတိကျရေရာစွာ သတ်မှတ်ဖော်ပြခြင်းမပြုနိုင်ခြင်းသည် မည်သည့်အသက်မွေးဝမ်းကျောင်းသင်တန်း ဖြစ်သည်ကိုပင် နားလည်သဘောပေါက်ခြင်းမရှိကြောင်း ပြသခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် တုံ့ပြန်မှုများအရ အလုပ်နှင့်တပါတည်း အသက်မွေးဝမ်းကျောင်းသင်တန်းများကို ကလေးငယ်များ ထပ်မံမတက်ရောက်လိုခြင်းမှာ ၎င်းတို့အတွက် "အလုပ်ပိုမိုလုပ်ရခြင်းသာ" ဖြစ်သည်ဟု ယူဆကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။

ဤလေ့လာမှုတွင် အစိုးရနှင့်အချို့သော ဘုန်းတော်ကြီးစာသင်ကျောင်းများမှ ပညာရေးနောက်ခံ အားနည်းသော ကလေးများအတွက် ရိုးရာမုန့်လုပ်နည်း၊ သိုးမွေးထိုးနည်း၊ အပ်ချုပ်နည်း စသည့် အတတ်ပညာများ သင်ကြားပေးရန်ကြိုးပမ်းခဲ့သည်များကို တွေ့ရှိရသည်။ အင်တာဗျူးဖြေဆိုသူများမှ World Vision နှင့် Save the children တို့မှဖွင့်လှစ်သည့် အကာအကွယ်ယူခြင်းနှင့် သဘာဝ ဘေးအန္တရာယ် လျှော့ချရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေ ရှိစေရေး စသဖြင့် အသက်ရှင်နေထိုင်ရန်အရေးကြီးသော အတတ်ပညာများဆိုင်ရာ သီးသန့်သင်တန်းများရှိခဲ့ သည်ကို ဖော်ထုတ်ပြောဆိုသော်လည်း အလုပ်လုပ်ကိုင်ရန်အတွက် လုံလောက်မှုမရှိပေ။ သမားရိုးကျ ပုံမှန်မဟုတ်သော ပညာရေးအစီအစဉ်တစ်ခုမှ ဆရာ/ဆရာမများ၏ ပြောကြားချက်အရ လှိုင်သာယာ တွင် "အခမဲ့အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းမရှိ" ဟုဆိုသည်။

## ဖြစ်ပေါ်လာနိုင်သည့် မိတ်ဆက် အစီအစဉ်များတွင် အလုပ်ရှင်များနှင့် ရပ်ရွာအာဏာပိုင်များ၏ သဘောထားများ

ဆရာ/ဆရာမများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ရပ်ရွာလုပ်သားများ၊ ဒေသဆိုင်ရာအာဏာပိုင်များ နှင့် အလုပ်ရှင်များသည်ပင် ကလေးသူငယ်အလုပ်သမားများအတွက် သက်မွေးပညာသင်တန်းများကို လွတ်လပ်စွာ ကြိုဆိုကြပြီး ရပ်ရွာတွင်းကူညီနေသူလုပ်သားများဆိုလျှင် ကလေးများကို အခကြေးငွေ မတောင်းခံဘဲ ဖွင့်လှစ်သင်ကြားရန် တက်ကြွစွာထောက်ခံကြသည်။

သို့သော်လည်း ဆန်းစစ်လေ့လာမှုတွင် ထိုပုဂ္ဂိုလ်အမျိုးမျိုးမှ နားလည်သဘောပေါက်သော သက်မွေးပညာသင်တန်းဟူသည်ကို နှိုက်နှိုက်ချွတ်ချွတ်သိရှိနိုင်ရန်မလုပ်ဆောင်ခဲ့ပါ။ ပညာရေးတွင် ဆောင်ရွက်နေသော ဆရာ/ဆရာမများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ[37] (ဥပမာအားဖြင့် ဘုန်းတော်ကြီးကျောင်းများနှင့် တနင်္ဂနွေကျောင်း Sunday school များ) မှကလေးငယ်များ၏ ပညာရေးကို ဆက်လက်သင်ယူနိုင်စေအတွက် ဖွင့်လှစ်စေလိုပြီး အလုပ်ရှင်များအနေဖြင့်မူ ၎င်းတို့ပေးနိုင်သောအလုပ်နှင့်သက်ဆိုင်ရာ အတတ်ပညာများကို ပို၍စိတ်ဝင်စားသည်။ ရပ်ရွာလုပ်သားများ အနေဖြင့်မူ ၎င်းတို့အနေဖြင့် မည်သည့် သက်မွေးသင်တန်း အမျိုးအစားများက သင့်လျော်သည် /အသုံးဝင်သည် (သို့မဟုတ်) မည်သို့လုပ်ဆောင်သင့်သည် စသဖြင့် ၎င်းတို့၏အမြင်ကို အသေးစိတ်မဖော်ပြဘဲ လွတ်လပ်စွာပင် အားပေးသည်။

သမားရိုးကျပုံမှန်မဟုတ်သောပညာရေးအစီအစဉ်မှ ဆရာတစ်ဦး၏ ပြောကြားချက်အရ အကယ်၍ အခမဲ့ သက်မွေးပညာသင်တန်းများ ပေးသည်ဆိုလျှင်တောင်မှ "ကလေးများ၏ မိဘများမှ ကလေးများကိုတက်ရောက်ခွင့်ပြုလိမ့်မည်မဟုတ်" ဟုဆိုသဖြင့် ရပ်ရွာအသိုက်အဝန်းနှင့် သက်ဆိုင်ရာအာဏာပိုင်များအလိုရှိသည်နှင့် ထိုမိသားစုများအကြား ဖြစ်ပေါ်လာနိုင်သည့် ကွာဟချက်ကို သိရှိရပြီး ပညာရေးကိုထိုမိသားစုများအနေဖြင့် သီအိုရီအရ တန်ဖိုးထားကောင်းထားမည်ဖြစ်သော်လည်း လတ်တလောရှင်သန်နေထိုင်ရန်အတွက် ပိုမိုအရေးကြီးသည့် ရေတိုကာလတွင် ထိုသင်တန်းများသည် တန်ဖိုးရှိသည်ဟု မြင်ကြမည် မဟုတ်ပေ။

လက်ရှိလုပ်ဆောင်နေသည့်ပုံစံမှာ အလုပ်ခွင်အတွင်း သင်ယူခြင်းဖြစ်သည်။ ကလေးများအနေဖြင့် အထူးစီမံထားသည့်သင်ရိုး သို့မဟုတ်သင်တန်းများဖြင့် သင်ယူခြင်းထက် အလုပ်ခွင်ထဲတွင် အတတ်ပညာသင်ခြင်းဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့်ပုံစံမှာ အလုပ်သင်ပုံစံဖြစ်ပြီး ကလေးများအနေဖြင့် ငယ်ရွယ်စဉ်အလုပ်ခွင်အတွင်း ဝင်လာပြီးနောက် အသက်ကြီးလာသည်နှင့်အမျှ ပိုမိုသင်ယူတတ်မြောက်လာပြီး ဆောက်လုပ်ရေးနှင့် အထည်ချုပ်စက်ရုံများတွင်ရှိသည့်ပုံစံများကဲ့သို့ပင်ဖြစ်သည်။

### ကလေးသူငယ်အလုပ်သမားနှင့်ပတ်သက်၍ ကွဲပြားသောအုပ်စုများမှ ထင်မြင်ယူဆချက်များ

မေးမြန်းခဲ့သူများထဲမှ အရွယ်ရောက်သူအားလုံး ဖော်ပြကြသည်မှာ ကလေးငယ်များသည် မိသားစုတွင်း ၎င်းတို့၏မိဘများကို ကူညီရမည့် တာဝန်၊ ဝတ္တရားများရှိသည်ဟု ဆိုသည်။ အချို့ပါဝင်ဆွေးနွေးကြသူများဖြစ်သည့် ဥပမာ ဆရာ/ဆရာမများ ယုံကြည်ကြသည်မှာ ကလေးငယ်များသည် မိဘများအတွက်လက်တိုလက်တောင်းအနေဖြင့်သာ (သို့မဟုတ်) အိမ်မှုကိစ္စများကူညီခြင်းသူ လုပ်ကိုင်သင့်သည်ဟု ယူဆကြသည်။

---

[37] ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများဖြစ်သည်။ အစ္စလာမ်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်အနေနှင့် ဤသုတေသနတွင် ပါဝင်လိုခြင်းမရှိပါ။

အလုပ်လုပ်နေသည့်ကလေးများ၏ မိဘများနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်းများ ပြုလုပ်သည့်အခါ၌ သိရှိရသည်မှာ ၎င်းတို့သည် ကျေးလက်ဒေသများမှ ပြောင်းရွှေ့လာကြသူများဖြစ်သည်။[38] လှိုင်သာယာတွင် အလုပ်ရှာရန်လာရောက်ကြသည့် ကလေးမိဘအများစုမှာ ၎င်းတို့ကလေးများ၏ ပညာရေးသည် အလုပ်ထက်ပိုအရေးကြီးသည်ကိုသိရှိသဘောတူကြပြီး ကလေးကိုကျောင်းထားရန် မတတ်နိုင်သော မိဘများအနေဖြင့်လည်း အလုပ်ခွင်အတွင်း၌ ပညာသင်ယူရင်းဖြင့် လုပ်ခများရစေလို ကြောင်းခံစားမိကြသည်။ ၎င်းတို့၏ သဘောထားများသည် ကလေးများအနေဖြင့် အသက် ၁၂-၁၃ အရွယ်မှစတင်၍ အိမ်မှုကိစ္စများကို ကူညီကြခြင်း ဖြင့်မိသားစုတွင်း ထမ်းဆောင်ရန်တာဝန်ဝတ္တရားများ ရှိသည်ဟူသော ယုံကြည်ချက်ကိုထင်ဟပ်လျက်ရှိသည်။ ထို့အပြင် မိဘများမှ သိသာထင်ရှားစွာ မဖော်ပြသော်လည်း အလုပ်လုပ်စေသည့်ကိစ္စရပ်မှာ ကလေးများ မလိုလားအပ်သည့် လူမှုရေး အခြေအနေများအတွင်းသို့ ကျရောက်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးအသုံးပြုခြင်း အစရှိသည်တို့မှ အတားအဆီးဖြစ်စေရန် စီစဉ်မှုလည်း ဖြစ်နိုင်သည်။

မေးမြန်းခဲ့သည့် ကလေးသူငယ်အလုပ်သမားများ၏ မိဘများသည်လည်း ကလေးများအလုပ်လုပ်နေသကဲ့သို့ပင်ဖြစ်သည်။ အချို့မှာ မိသားစုလယ်ယာလုပ်ကိုင်ရန်အတွက် အသက် (၁၀)နှစ်ခန့်တွင် ကျောင်းထွက်ခဲ့ရပြီး အချို့မှာ၎င်းတို့၏ ဒေသတွင်း တက်ရောက်ပညာသင်ယူရန် (ကျောင်း၊ ပညာရေးစနစ်စသဖြင့်) အထောက်အကူပြုအရာများ မရှိသောကြောင့် ကျောင်းမတက်နိုင်ခဲ့ကြပေ။ မေးမြန်းခဲ့သည့်မိဘများသည် အများအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အရည်အချင်းနိမ့် အလုပ်သမားအဖြစ် (သို့မဟုတ်) အချို့သောနေ့ရက်များတွင် ရရာကျပန်းအလုပ်များကို လုပ်ကိုင်ကြခြင်းဖြင့် ဝင်ငွေမှန်ကန်လုံခြုံမှုမရှိခြင်းကို တောင့်ခံကြရသည်။

မိခင်များနှင့် ဆွေးနွေးကြရာမှရရှိသောအချက်များနှင့် အချို့အရပ်ပြောအထောက်အထားများအရ အရက်စွဲနေပြီး အလုပ်မလုပ်နိုင်သော ဖခင်ရှိပြီး အထူးသဖြင့် မိခင်ဖြစ်သူမှာ ဝင်ငွေရသောအလုပ်မလုပ်သည့်အခြေအနေများသည်လည်း ကလေးအလုပ်သမားဖြစ်လာစေသည်ကို ထောက်ပြနေသည့် အချက်များဖြစ်သည်။

ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေးပြီး ကောင်းမွန်စွာအရွယ်ရောက်ကြီးပြင်းမှုနှင့် ပတ်သက်၍ အမျိုးမျိုးသော အချက်များကို သတ်မှတ်ထားသည်။ ထိုအချက်များမှာ အစားအသောက်၊ နားခိုနေထိုင်ရန်နေရာနှင့် အဝတ်အစားများအပါအဝင် ပညာရေးနှင့် အခြားသောမကောင်းသည့် ပစ္စည်းများ အသုံးပြုရန်

---

[38] လှိုင်သာယာတွင်လက်ရှိပြောင်းလာသူများနှင့် ရေရှည်နေထိုင်ကြသူ ရွှေ့ပြောင်းလုပ်သားများရှိပြီး ထိုဒေသသည် အလုပ်သမားများ အထူးသဖြင့် ၂၀၀၈ ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဖြစ်ပွားပြီးနောက် ဧရာဝတီတိုင်းမှ အစုလိုက်ပြောင်းရွှေ့လာသူများကို အထူးဆွဲဆောင်သောနေရာဖြစ်သည်။ ဆန်းစစ်လေ့လာမှုအတွင်း ဆရာမတစ်ယောက်၏ လူအများရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ပြောကြားချက်အရ အရွယ်ရောက်သူအများစုသည် အလုပ်အကိုင် ရရှိနိုင်မှုအနေအထားအရ တနေရာမှတနေရာသို့ နယ်လှည့်ရွှေ့ပြောင်း လုပ်ကိုင်ကြသူများဖြစ်ပြီး ကလေးများ၏ ကျောင်းပညာရေးကို ကြီးမားစွာထိခိုက်စေသည်ဟု ဆိုသည်။

ရှောင်ရှားခြင်းတို့ပါဝင်သည်။ ထို့အပြင် "ကောင်းမွန်သောအမူအကျင့်နှင့် စရိုက်လက္ခဏာ" များသည်လည်း ကလေးများ ကောင်းမွန်စွာနေထိုင်ကြီးပြင်းရန် လိုအပ်ပြီး ထိုအချက်များကိုမိဘများအား နာခံလိုက်နာခြင်းနှင့် လေးစားခြင်းတို့မှတစ်ဆင့် မွေးမြူနိုင်သည်ဟု သတ်မှတ်ကြသည်။ တစ်ချိန်တည်းမှာပင် အချို့မိဘများအနေဖြင့်လည်း ၎င်းတို့၏သားသမီးများအတွက် မဖြည့်ဆီးပေးနိုင်ပါက ကလေးများ၏ ရေ့ရေးအတွက် သင့်လျော်ရာကို လွတ်လွတ်လပ်လပ် ရွေးချယ်စေသင့်သည်ဟု ခံစားနေသူများလည်းရှိသည်။

မိဘများနှင့် မေးမြန်းရာမှ ထင်ရှားစွာတွေ့မြင်ရသည့်အချက်မှာ ကလေးမိဘများသည် ၎င်းတို့၏သားသမီးများကို အကောင်းဆုံးပေးဆပ်လိုပြီး ၎င်းတို့ဖြည့်ဆည်းပေးရမည့် ကလေးများ၏ လိုအပ်ချက်များကို ၎င်းတို့အနေဖြင့်ဖြည့်စွမ်းပေးနိုင်မှုသည် ကလေးများ၏ရေ့ရေး၌ ကျန်းမာကောင်းမွန် ပျော်ရွှင်စွာနေထိုင်ရရေးအပေါ်တွင် သက်ရောက်မှုရှိသည်ကို လက်ခံကြသည်။ သို့သော်လည်း စီးပွားရေးအခက်အခဲများကြောင့် ၎င်းတို့ပေးဆပ်ရမည့် မိဘဝတ္တရားများကို မဖြည့်ဆည်းနိုင်တော့ဘဲ ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို သားသမီးများသို့ လွှဲအပ်ရခြင်းဖြစ်သည်။

*"ငွေရဲ့အစွမ်းကိုသိကြပြီး ဘယ်လိုရှာရမလဲဆိုတာလဲ သိကြတယ်"*

လိူင်သာယာရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများမှ ဝန်ထမ်းများဖြင့် ဦးတည်အုပ်စုဆွေးနွေးပွဲများမှ သိရှိရသည်မှာ ထိုဝန်ထမ်းများသည် ထိုဒေသတွင် ကလေးသူငယ်အလုပ်သမားများ အများအပြားပျံ့နှံ့ဖြစ်ပေါ်နေသည်ကို သတိပြုမိကြပြီး အလုပ်လုပ်နေသည့် ကလေးငယ်များအတွက် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်း မရှိခြင်းနှင့် ၎င်းတို့၏ မိဘများ၏ မရေရာသော အလုပ်အခြေအနေများကိုသိရှိကြသည်။ ထိုဝန်ထမ်းများသည် ဤပြဿနာ များဖြစ်ပေါ်ရသော အကြောင်းခံအချက်အမျိုးမျိုးဖြစ်သည့် ဆင်းရဲနွမ်းပါးမှုနှင့် ကလေးများရည်မှန်းချက် ပန်းတိုင်ပျောက်ဆုံးပြီး မလိုလားဖွယ်ဒုက္ခများမှ လွတ်မြောက်စေရန် မိမိဆန္ဒအလျောက် ပိုက်ဆံရှာဖွေ မှုများဖြစ်စေသော မိဘများပညာရေးမပြည့်စုံမှုများ၏ ရလဒ်အဖြစ်ရှုမြင်ကြသည်။ ဖြေကြားသူတစ်ဦးမှ ဖြေကြားရာတွင် အလုပ်လုပ်နေသောကလေးများသည် "ငွေရဲ့အစွမ်းကို သိကြပြီး ဘယ်လိုရှာရမလဲ ဆိုတာလဲ သိကြတယ်" ဟုဖြေသည်။ ဤသဘောတရားသည် ကလေးများအနေဖြင့် အိမ်တွင်း၌သာ ကူညီနေသင့်သည်ဟု ပြောကြားခဲ့သောသမားရိုးကျမဟုတ်သည့် ပညာရေး အစီအစဉ်တွင် သင်ကြားနေသည့် ဆရာမ၏ပြောကြားချက် "သူတို့အနေနဲ့ ပိုက်ဆံရတဲ့အလုပ်တွေ မလုပ်သင့်ဘူး။ သူတို့ပိုက်ဆံ ဘယ်လိုရှာလို့ရလဲ တစ်ခါလောက်သိသွားတာနဲ့ ပိုက်ဆံနောက်လိုက်ပြီး ပညာရေးကိုပစ်သွား တော့တာဘဲ" ဟူသောစကားနှင့် မနီးယိုးစွဲပင်ဖြစ်သည်။ ထိုအယူအဆသည် မေးမြန်းစစ်တမ်း ကောက်ယူရာမှ တွေ့ရှိချက်ဖြစ်သည့် အလုပ်လုပ်နေသည့်ကလေးများမှ ကျောင်းပြန်တက်လိုသည့် ဆန္ဒရှိသူ ၄၈ ရာခိုင်နှုန်းသာရှိသည် ဟူသည့် အချက်ကို ထင်ဟပ်လျက်ရှိသည်။

ကလေးသူငယ်အလုပ်သမားများ အကြောင်းသိရှိပြီး ရပ်ရွာအတွက်အလုပ်လုပ်ပေးနေကြသူများမှာမူ များသောအားဖြင့် ကလေးသူငယ်အလုပ်သမားများအပေါ်တွင် ဆန့်ကျင်ဘက်အမြင်ရှိသည်ကို တွေ့ရသည်။ "သူတို့ကို ဆိုးဆိုးဝါးဝါးဆက်ဆံသူတွေနဲ့နေ့တိုင်းတွေ့ရတော့ ရန်လိုတတ်ကြတယ်" ရည်မှန်းချက်ပန်းတိုင် လည်းမရှိဟုဆိုသည်။ ၎င်းတို့သည် ကလေးငယ်၏ ဒုက္ခပြဿနာသည် မိသားစု လူမှုစီးပွားဆိုင်ရာ အခြေအနေပေါ်တွင် အကြောင်းခံပြီး နောက်ခံကျေးလက် ဘဝအနေအထားမှ ထောက်ပြသည့်အချက်မှာလည်း ကလေးသူငယ်အလုပ်သမားများသည် ၎င်းတို့၏မိဘများနှင့် (သို့မဟုတ်) ကိုယ်တိုင်လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာသည့် ကလေးများအဖြစ် လှိုင်သာယာသို့ မလာမီ ၎င်းတို့၏ရပ်ရွာများတွင်လည်း ကောင်းမွန်သော ပညာရေးနောက်ခံမရှိဟုဆိုသည်။ဖြေကြားသူ တစ်ဦး၏ ခံစားတွေ့ရှိချက်အရ အထူးသဖြင့် သီးခြားရွှေ့ပြောင်းရောက်ရှိလာသော ကလေးသူငယ် အလုပ်သမားများ၏ အခြေအနေသည် ရှောင်လွှဲမရသည့် အနေအထားဖြစ်သည် ဟုဆိုပြီး လူတစ်ဦးမှ ပြောသည်မှာ "တကယ့်ကို စိတ်မကောင်းစရာပါဘဲ။ ပို့တဲ့လူ (မိဘ)နဲ့ ကလေးတွေ ငိုကြယိုကြနဲ့ ဒါပေမယ့် ရွေးချယ်စရာမှ မရှိဘဲလေ" ဟု မိဘများမှ ကလေးကိုအလုပ်လုပ်ရန် လာပို့ချိန်တွေ့ရသည့် မြင်ကွင်းကို ရှင်းပြသည်။

*အလုပ်ရှင်များနှင့်ဆွေးနွေးမှုများအရ ထွက်ပေါ်လာသည်မှာ ကလေးအလုပ်သမားများသည် အိမ်ထောင်စုများ ဆင်းရဲနွမ်းပါးမှုမှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များဖြစ်ပြီး ထိုဆင်းရဲနွမ်းပါးမှုကို ပထမဦးစွာ မတိုက်ဖျက်နိုင်ဘဲ ကလေးသူငယ်အလုပ်သမားများ မပပျောက်နိုင်ဟုမြင်သည်။ ကိစ္စရပ်တော်တော်များများတွင်အလုပ်ရှင်များသည် ၎င်းတို့အနေဖြင့် ကလေး၏ လုပ်အားခ အပိုဝင်ငွေ အပေါ်တွင် မှီခိုနေရပြီး အကယ်၍ထိုကလေးအလုပ်မလုပ်ပါက ပိုမိုခက်ခဲမှုများ တွေ့ကြုံရမည့် မိသားစုများအတွက်ကူညီဝန်ဆောင် ပေးနေသည်ဟု ယုံကြည်ကြသည်။*

အလုပ်ရှင်များအနေဖြင့် (၁၃) နှစ်အောက်ကလေးများကို အလုပ်ခန့်ထားသည်ကို ဝန်ခံရန် တွန့်ဆုတ်နေကြသော်လည်း ထိုကလေးငယ်များ၏ မိဘများကိုယ်တိုင်ကလေးများကို အလုပ်ပေးရန် လာရောက်မေတ္တာရပ်ခံအပ်နှံကြခြင်းဖြစ်သည်ဟုဆိုသည်။ လေ့လာမှုမှတွေ့ရှိရသည်မှာပြည်တွင်းဈေးကွက် အတွက်ထုတ်လုပ်သည့် အထည်ချုပ်စက်ရုံကဲ့သို့သောနေရာများသည် ပြည်ပပို့ကုန်များထုတ်သော စက်ရုံများထက် ကလေးငယ်များကိုပို၍ငှားရမ်းဟန်ရှိသည်ကို တွေ့ရသည်။ ဤအချက်မှာ ပြည်ပပို့ကုန်အသားပေး စီးပွားရေးလုပ်ငန်းများတွင် ကလေးသူငယ်အလုပ်သမား မရှိဟုမဆိုနိုင်သော်လည်း ပြဿနာမှာ မြင်သာမှုနည်းပြီး ထိန်းချုပ်မှုလျော့နည်းသော ပိုမိုသေးငယ်သည့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများတွင် ပိုမိုနေခြင်းဖြစ်သည်။

အလုပ်ရှင်များအနေဖြင့် ကလေးများကိုငှားရမ်း အသုံးပြုခြင်းဖြင့်စီးပွားရေးအကျိုးအမြတ်ရှိသည်ကို[39] မဖော်ပြသော်လည်း ၎င်းတို့၏ပြန်လည်ဖြေကြားချက်များ အရကလေးသူငယ်များ

[39] အလုပ်ရှင်များမှ ကလေးများအနေဖြင့် ပို၍ထုတ်လုပ်မှုအားကောင်းသည် သို့မဟုတ် အလုပ်ပိုကြိုးစားသည်ကို ဖော်ပြခြင်းမပြုပါ။

သည် ပိုမိုဈေးချိုသော၊ နာခံကျိုးနွံသော၊ စီမံထိန်းသိမ်းရန် လွယ်ကူသော ဝန်ထမ်းများဖြစ်သည်ကို ညွှန်ပြနေသည်။ မေးမြန်းခဲ့သည့် အလုပ်ရှင်အားလုံးခံစားရသည်မှာ ကလေးများကို ငှားရမ်းခြင်းဖြင့် ဆင်းရဲသော မိသားစုများတွေ့ကြုံရမည့် ကူကယ်ရာမဲ့ အနေအထားကို အကူအညီပေးရာ ရောက်သည် ဟုယူဆသည်။ ၎င်းတို့ပြောကြားချက်အရ ကလေးများကိုသာ စိတ်ဝင်တစား ရွေးချယ်ခေါ်ယူခြင်း မဟုတ်သော်လည်း ထိုကလေးများ၏ မိဘများ (သို့မဟုတ်) ဆွေမျိုးများမှ ကလေးများကို ငှားရန် မေတ္တာရပ်ခံချိန်တွင် မငြင်းခဲ့ဟုဆိုသည်။ အထည်ချုပ်စက်ရုံ ပိုင်ရှင်များမှ ထုတ်ဖော်တင်ပြမှုအရ အသက် (၁၄-၁၅) နှစ်ကြားရှိ ကလေးငယ်များ၏ အခြေခံလစာ[40]သည် တစ်လလျှင် မြန်မာငွေ ၃၅၀၀၀ ကျပ်နှင့် အသက် (၁၆) နှစ်အရွယ် ကလေးများမှာမူ တစ်လလျှင် ၆၀၀၀၀ ကျပ်ခန့်ရရှိသည် ဟုဆိုသည်။ ထိုပမာဏသည် လူတွေ့မေးမြန်းခဲ့သည့် ကလေးငယ်များ တင်ပြသည်ထက် သိသာထင်ရှားစွာ နည်းပါး လျက်ရှိသော်လည်း မေးမြန်းခဲ့သည့်ကလေးများမှာ များသောအားဖြင့် အသက် (၁၆)နှင့်အထက် ဖြစ် ကြပြီးပို၍ ကြီးမားသော ပြည်ပပို့ကုန်အသားပေး စက်ရုံကြီးများတွင် အလုပ်လုပ်နေကြသည့် အတွက် လုပ်အားခ ပိုမိုရရှိခြင်းဖြစ်နိုင်ပေသည်။ ဖြစ်နိုင်သည့်အချက်မှာလည်း ကလေးငယ်များအနေဖြင့် ၎င်းတို့၏ အလုပ်ရှင်များနှင့် အငြင်းပွားဒုက္ခမရှာလိုသောကြောင့် လစာနှုန်း ပိုပြောခြင်းမျိုးလည်းရှိနိုင် ပါသည် (၎င်းတို့အားလုံးထဲမှ အများစုကို လုပ်ငန်းခွင်ပြင်ပတွင် မေးမြန်းခဲ့ သော်ငြားလည်း)။ ထို့အပြင် စုစုပေါင်းရရှိသည့် လုပ်ခလစာကိုပြောခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ (ဥပမာ၊ အချိန်ပိုကြေးနှင့် အခြားခံစားခွင့်များ)။

လုပ်ခနည်းခြင်းအပြင် ကလေးငယ်များသည် ပိုမိုကောင်းမွန်သည့် အလုပ်သမားများ ဖြစ်ဖွယ်ရှိသည်။ အလုပ်ရှင်များမှ ကလေးငယ်များကို အဓိကရည်ညွှန်းသည်မှာ "*တက်ကြွသည်၊ ကျိုးနွံပြီးရိုးသားကြ သည်*" ဟူ၍ဖြစ်ပြီး ကလေးများသည် ၎င်းတို့အလုပ်ထဲတွင်သာ နေလိုကြပြီး လုပ်ငန်းကျွမ်းကျင်မှု အဆင့်တစ်ခုရောက်လာသည်နှင့် ကြိုတင်အသိပေးမှုမရှိဘဲ အလုပ်ပြောင်းသွားတတ်ကြသော အရွယ် ရောက်သူများနှင့်မတူဟုဆိုသည်။ ဖွင့်ပြောရန်မလိုသော်လည်း ကလေးငယ်များကို အလုပ်ခန့်ထား ခြင်းသည် အလုပ်ရှင်များအတွက် အကျိုးကျေးဇူးများရှိနေသည်မှာ ပေါ်လွင်ပါသည်။

အလုပ်ရှင်များသည် ရပ်ရွာတွင်းလုပ်သားများ၊ မိဘများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဆရာ/ ဆရာမများကဲ့သို့ပင် ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏မိသားစုများကို ကူညီရန်တာဝန်ဝတ္တရား ရှိသည်ကို ခံစားမိကြသည်။ ကလေးသူငယ်များ၏ မိသားစုအတွက် ကူညီမှုတွင် အကန့်အသတ် ရှိသင့် သည် ဟုယူဆသော ဆရာ/ဆရာမများ၊ ဘာသာရေးခေါင်းဆောင်များ နှင့်မတူဘဲ ဆင်းရဲသောမိသားစု မှ ကလေးများသည် အိမ်မှုကိစ္စများအပြင် ဝင်ငွေရှာဖွေရာတွင်လည်း ပါဝင်သင့်သည်ဟု ယုံကြည် ကြသည်။ ထိုယုံကြည်မှုသည် ၎င်းတို့အနေဖြင့် ကလေးငယ်များကို အလုပ်ပေးရန် ဆုံးဖြတ်မှုကို ထောက်ပံ့အားပေးလျက်ရှိပြီး အကူအညီလိုအပ်နေသူများအတွက် ဝန်ဆောင်ကူညီပေးနေသည်ဟု လည်း သဘောပေါက်ယုံကြည်စေသည်။

[40] ထိုပမာဏတွင် အချိန်ပို သို့မဟုတ် အခြားသော ခံစားခွင့်များ မပါဝင်ပါ။

## နိဂုံးချုပ်နှင့် တိုက်တွန်းထောက်ခံချက်များ

လှိုင်သာယာတွင် ကလေးသူငယ်အလုပ်သမားများမှာ ကျယ်ပြန့်ပျံ့နှံ့နေပြီး ရှောင်လွှဲမရသည့် ကိစ္စအဖြစ်သုံးသပ်နိုင်သည်။ အလုပ်သမားစစ်ဆေးရေးအရာရှိတစ်ဦး၏ ပြောကြားချက်အရ "တရားဥပဒေအရ ကြည့်မယ်ဆိုရင်တော့ ခွင့်မပြုသင့်ပေမယ့် လူသားချင်းစာနာရမယ့်အမြင်က ကြည့်ရင် ဒီမိသားစုကို ဘယ်သူကူညီနိုင်မှာလဲ"။ ဤကိစ္စရပ်သည် ဆင်းရဲနွမ်းပါးမှု၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ပြီး ကလေးများပညာရေးလက်လှမ်းမီနိုင်ရန်အတွက် အဓိကအတားအဆီးလည်းဖြစ်သည်။ ဒေသဆိုင်ရာအာဏာပိုင်များမှ ထိုပြဿနာများကိုလျှော့ချနိုင်ရန်အတွက် ထိုဒေသတွင် သက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ မိတ်ဆက်ဖွင့်လှစ်ပေးရန် ILO သို့မေတ္တာရပ်ခံ အကူအညီတောင်းပါသည်။ ယခုတိုက်တွန်းထောက်ခံချက်များသည် ရပ်ရွာအာဏာပိုင်များ၏ ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာလိုလားချက်များနှင့် မြန်ဆန်စွာဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များကိုထင်ဟပ်ပါသည်။ နောက်ပိုင်းတွင် ပြသထားသည့်အချက်များမှာ ကလေးသူငယ်အလုပ်သမား လျှော့ချရေးအတွက်သက်မွေးဝမ်းကျောင်းသင်တန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အမျိုးမျိုးသောအတားအဆီးများနှင့် ထိုသင်တန်းများသာမက မိသားစုအစုလိုက်အတွက် ဦးတည်ဆောင်ရွက်ရမည့်ကိစ္စများ၊ လှိုင်သာယာရှိ ကလေးသူငယ်အလုပ်သမားများအတွက် ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်အတွက် ထပ်မံလုပ်ဆောင်ရမည့် သုတေသနလုပ်ငန်းများကို ဖော်ပြထားပါသည်။

## ဦးတည်လှုံ့ဆော်ပေးသော အသက်မွေးဝမ်းကျောင်းသင်တန်း

ကလေးများနှင့် ၎င်းတို့၏မိသားစုများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ကလေးသူငယ်အလုပ်သမားပြဿနာသည် "မိသားစုအကြောင်း"ပင်ဖြစ်သည်။ ကလေးများနှင့် မေးမြန်းခဲ့သည့်အထဲမှ ၇၃ ရာခိုင်နှုန်း သည်၎င်းတို့ ၏မိသားစုများကို ကူညီရန်ဝတ္တရားရှိသည်ဟုဆိုပြီး အလုပ်လုပ်နေသည့်ကလေးများ၏ မိဘများသည်လည်း ထိုယုံကြည်ချက်ကို ဆွဲကိုင်ထားကြသည်။ မေးမြန်းခဲ့သည့်အရွယ်ရောက်သူများ အားလုံးအနေနှင့် ကလေးသူငယ်များဝင်ငွေရရှိရန်အတွက် အလုပ်လုပ်သင့်သည်ဟု မထင်ကြသော်လည်း ရပ်ရွာခေါင်းဆောင်များ၊ ဆရာ/ဆရာမများ၊ အာဏာပိုင်များနှင့် ဘာသာရေးခေါင်းဆောင်များ အပါအဝင် အလုပ်ရှင်များသည်လည်း မိဘကူညီရန်အတွက် ကလေးများတွင်တာဝန်ရှိသည်ဟု ယုံကြည်ကြသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြင့် ကြားဝင်ကူညီရာတွင် ကလေးသူငယ်များသည် ၎င်းတို့အခြေအနေအရ တစ်ဦးတည်းသော ဇာတ်ဆောင်များ မဟုတ်ကြဘဲ ကလေးငယ်များအတွက် စတင်လုပ်ဆောင်မည့်ကိစ္စရပ်များကြောင့် ၎င်းတို့၏မိသားစုများအပေါ်တွင်ပါ သက်ရောက်မှု ရှိသွားနိုင်သည်များကို ထည့်သွင်းတွက်ချက်ရန်လိုပေမည်။ ထိုသင်တန်းများ ဖွင့်လှစ်ရန်အတွက် မိသားစုများမှ သဘောတူချက်များနှင့် ထောက်ပံ့ကူညီမှုများ၊ အထူးသဖြင့် မိခင်များသည် အိမ်ထောင်စု များတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ လွှမ်းမိုးမှု ရှိသူများဖြစ်သည်ကိုတွေ့ရသောကြောင့် ထိုမိခင်များ၏ သဘောတူညီချက်တို့သည် စီမံကိန်း အစီအစဉ်များအောင်မြင်ရန်ကြိုတင်ခွင့်ပြုချက်တောင်းခံထားရမည့် အရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်သည်။

ကျွမ်းကျင်မှုအတတ်ပညာများဖြန့်ဝေခြင်းသည် သီးသန့်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သော်လည်း လုပ်သားဈေးကွက်အတွင်း တောင်းဆိုမှုကိုလည်း ကြည့်ရန်လိုသည်။ မည်သည့်ကူညီမှုအစီအစဉ်များ ဖြစ်ပါစေ မစတင်မီ လက်ရှိတွင်ရရှိနိုင်မည့် အရာများကို သတိပြုကောက်ယူရန်နှင့် ယခင်ပြီးဆုံးခဲ့သော စီမံချက်များ နှင့်ပတ်သက်၍ ဆန်းစစ်လေ့လာမှုတစ်ခုပြုလုပ်ရန်လိုသည်။ ထို့အပြင် လက်ရှိလက်လှမ်း မီနိုင်သော TVET အဖွဲ့အစည်းများကို ပညာရေးနောက်ခံအားနည်းသော ကလေးငယ်များ အားကောင်း တိုးတက်လာစေရန် မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ရမည် ဖြစ်သည်။

သင်တန်းများပေးရာတွင် ကလေးငယ်များ၏အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန်အတွက် ၎င်းတို့၏နောက်ခံလူမှုစီးပွားအခြေအနေများ၊ ၎င်းတို့အလုပ်လုပ်ရသည့် ရှည်လျားသည့် အလုပ်ချိန်၊ တွေ့ကြုံရသည့်ပင်ပန်းနွမ်းနယ်မှုနှင့် အလုပ်ရှင်များမှာခွင့်ပြုသော အနားယူရသည့်အချိန်စသည်တို့ ကိုထည့်သွင်းစဉ်းစားသတ်မှတ်ရန်လိုအပ်သည်။ သက်မွေးသင်တန်းများတွင် ကလေးငယ်များ၏ အလုပ်ရှင်များထံမှ တက်ရောက်ကြိုးစားခွင့်ရရှိရန်လိုအပ်မည်ဖြစ်သည်။ ကလေးငယ်များ၏မိသားစု များအခြေအနေကို ပိုမိုဆိုးဝါးသွားစေနိုင်မည့် အနေအထားကြောင့် အလုပ်ခွင်မှ ဖယ်ရှား၍မရသော ကလေးများနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာရေးအခြေအနေ မပြည့်စုံမှုများရှိပါက အလုပ်ရှင်များနှင့် ချိတ်ဆက်၍ ကလေးငယ်များ၏အနေအထားနှင့် အလုပ်လုပ်ရသည့် အဆင့်အတန်းကို တိုးတက် မြှင့်တင်ပေးနိုင်ရန်အတွက် အောက်ပါအမြင်များဖြင့် တိုက်ဆိုင်ဆောင်ရွက်ရမည်။

(၁) ကလေးငယ်များကို ခက်ခဲကြမ်းတမ်းသောအလုပ်များနှင့်/သို့မဟုတ် အလုပ်ချိန်များမှ ဖယ်ထုတ်ခြင်း

(၂) အန္တရာယ်ရှိနိုင်သောအလုပ်ခွင်မှ ဖယ်ထုတ်ပြီး ပိုမိုသင့်လျော်သောနေရာများတွင် တာဝန်ပေးခြင်း

(၃) ၎င်းတို့အနာဂတ်ကာလ လုပ်ငန်းခွင်အတွက်သာမက လက်ရှိလုပ်ငန်းကိုပါ တိုးတက် အားကောင်း လာစေသော လိုအပ်သည့် အတတ်ပညာ ကျွမ်းကျင်မှုများကို ၎င်းတို့အားလပ်ချိန်တွင် သင်ယူခွင့်ပြုခြင်း

အသက်ငယ်ရွယ်သော ကလေးငယ်များကို ဖြစ်နိုင်ပါက ကျောင်းပြန်တက်နိုင်ရန် ထောက်ပံ့ကူညီပြီး အသက်ပိုမိုကြီးသောကလေးများသည် ကျွမ်းကျင်မှုအရည်အသွေးများလိုအပ်မည်ဖြစ်ပြီး အနာဂတ် ကာလတွင် ၎င်းတို့၏ အနေအထားကို လျင်မြန်စွာတိုးတက်စေမည်ဖြစ်သောကြောင့် စီမံချက် အစီအစဉ်များသည် လက်ရှိလုပ်ငန်းခွင်မှ အတတ်ပညာများနှင့် မနီးရိုးစွဲသင်ကြားပေးခြင်းထက် သက်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများအတွက် ဖြည့်စွက်သင်ကြားပေးနိုင်ရန်အတွက် စီစဉ် ရေးဆွဲသင့်ပေသည်။ ညှပ်-ချုပ်-ထုပ် (CMP) စက်ရုံများ လွှမ်းမိုးထားသည့်[41] လက်ရှိ အထည် ထုတ်လုပ်ရေးလုပ်ငန်းစနစ်တွင် ကလေးငယ်များသည် အတတ်ပညာ ကျွမ်းကျင်မှုများကို အကန့် အသတ်ဖြင့်သာ သင်ယူရသည်။ ဥပမာ- ကြယ်သီးတပ်ခြင်း၊ ချည်မွှေးညှပ်ခြင်း သို့မဟုတ် အလုပ်ရှင်

[41] http://www.myammargarments.org/factory-information/cmp-versus-fob/

ညွှန်ပြခိုင်းစေသည့် အလုပ်များ၊ ထုပ်ပိုးခြင်းစသည်တို့သာဖြစ်သည်။ ထိုကျွမ်းကျင်မှု အရည်အချင်းများသည် ၎င်းတို့အနာဂတ်ကာလတွင် ပိုမိုရှုပ်ထွေးခက်ခဲသော အလုပ်များလုပ်ရန် အတွက် မဖြစ်နိုင်ပေ။ ထို့ကြောင့် ကလေးငယ်များအနေဖြင့် ထုတ်လုပ်မှုတစ်ခုလုံးတွင် ပါဝင်မှုအားလုံးကို သင်ယူခြင်းဖြင့် အကျိုးရှိနိုင်ပြီး နောက်ဆုံးထုတ်ကုန်ထွက်သည် အထိကိုယ်တိုင်ပြုလုပ် နိုင်သည့်အနေအထားသို့ ရောက်ရှိလာနိုင်မည်ဖြစ်ကာ ၎င်းတို့၏လုပ်ငန်းခွင်တွင်း အခြေအနေတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သို့မဟုတ် အနာဂတ်ကာလတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်လာနိုင်သည်အထိ ဖြစ်နိုင်သည်။

အသက်မွေးဝမ်းကျောင်းသင်တန်းအစီအစဉ်များတွင် ချမှတ်ထားသည့် အစီအစဉ်၏ သက်ဆိုင်ကိုက်ညီမှုမရှိခြင်း (သို့မဟုတ်) ကလေးငယ်များနှင့် မိဘများ၏ ကြိုတင်ခန့်မှန်းထားသည့် တန်ဖိုးများ မပါဝင်ခြင်းစသည့် အချက်များကြောင့် မြုပ်နှံလိုခြင်းနှင့် ပိုင်ဆိုင်ရယူလိုခြင်းများမရှိဘဲ မအောင်မြင်ခြင်းများဖြစ်ပေါ်စေနိုင်သည်။ အသက်ပိုကြီးသောကလေးများအနေဖြင့်လည်း သီအိုရီပိုင်းသင်သည့် အစီအစဉ်များ သို့မဟုတ် စာသင်ကျောင်းနှင့် နီးစပ်သဏ္ဌာန်တူသည့် အနေအထားများကြောင့် ပေးအပ်သည့်ပညာရေးကို စိတ်မဝင်စားခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ လက်ရှိအခြေအနေတွင် ကလေးသူငယ်များ၏အနေအထားနှင့် အလုပ်ရှင်များ၏အခြေအနေကြား တည်ရှိနေသည့်ပုံစံကို အခြေခံဆောင်ရွက်ခြင်း သို့မဟုတ် ထိုနှစ်ဦးနှစ်ဖက်ကြားအဆင်ပြေစေမည့် ပူးပေါင်းစတင် ဆောင်ရွက်မှုပုံစံတစ်ခုကို တိုက်တွန်းခြင်းဖြင့် ကလေးသူငယ်များ၏ ကောင်းမွန်ပြည့်စုံမှုနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားနှစ်ခုလုံးကို အကျိုးဖြစ်စေနိုင်သော အနေအထားကို စဉ်းစားသတ်မှတ်နိုင်သည်။ အခြားနိုင်ငံများတွင် လုပ်ဆောင်ခဲ့သော စီမံကိန်းများအရ ကလေးသူငယ်များနှင့် ၎င်းတို့၏အလုပ်ရှင်များ တပြိုင်နက်တည်း ချိတ်ဆက်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် အပြောင်းအလဲကို ကလေးသူငယ်များ၏ တန်ဖိုး၊ အကျိုးရှိမှုအပေါ်တွင်အများဆုံး မူတည်ဆောင်ရွက်သည်။[42]

### သင်ယူနေစဉ်ငွေရှာခြင်း[43]

ဤကနဦးမိတ်ဆက်ဆောင်ရွက်မှုကို ဝင်ငွေလျော့နည်းသွားမည့် အနေအထားကြောင့် ကျောင်းပြန်မတက်လိုသော သို့မဟုတ် ပညာရေးကိုဆက်လက်မလုပ်ဆောင်လိုသော အသက်ပိုကြီးသည့် ကလေးများအတွက် တိုက်တွန်းထောက်ခံသည်။ ဤကိစ္စရပ်တွင် သက်မွေးသင်တန်းသည် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်နိုင်သည်။ ကလေးများအနေဖြင့် ပညာရေးနှင့် လက်တွေ့လုပ်ငန်းများကို ပေါင်းစပ်ရန်အခွင့်အလမ်းရကြသည်။ ကလေးများသည်သူတို့၏ ကျွမ်းကျင်မှုအတတ်ပညာ

---

[42] M.F.C Bourdillon, ကလေးငယ်များ၏ အလုပ်များမှ အမှန်နှင့်အမှားများ၊နယူးဂျာစီ၊ Rutgers တက္ကသိုလ်ပုံနှိပ်၊ ၂၀၁၀။

[43] ထို့ကဲ့သို့သောကနဦးမိတ်ဆက်ဆောင်ရွက်မှုများသည် စီးပွားရေးဖွံ့ဖြိုးပြီး တိုးတက်ဖြစ်ပေါ်လာနေသည့်နေရာများတွင် အသုံးများသည်။ အိန္ဒိယနိုင်ငံတွင် အထူးသဖြင့် စတင်ရေပန်းစားလာပြီး ဘဏ္ဍာရေး၊ နည်းပညာနှင့် လူမှုရေးပိုင်းဆိုင်ရာ လေ့လာမှုနယ်ပယ်များရှိပြီး ကျောင်းသားကျောင်းသူများအနေဖြင့် ပညာရေးနှင့် လုပ်ခရသော လုပ်ငန်းကျွမ်းကျင်မှုများကို ပေါင်းစပ်လုပ်ဆောင်နိုင်သည်။

သို့မဟုတ် အသက်မွေးမှုပညာများနှင့် ပတ်သက်၍ သီအိုရီပိုင်းဆိုင်ရာ ရှုထောင့်များကို ကျောင်းများတွင်တက်ရောက်လေ့လာပြီး ထိုပညာရပ်များကို ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပြန်လည်အသုံးချခြင်းဖြင့် ထုတ်ကုန်နှင့် ဝင်ငွေများဖြစ်ပေါ်လာစေသည်။

## လုပ်ငန်းခွင်တွင်းအလုပ်သင်အဖြစ်ဝင်ခြင်း

ထိုစနစ်သည် လက်ရှိလုပ်ကိုင်နေသည့်စနစ်အတွင်းသို့ ကလေးငယ်များကို အလုပ်လုပ်ရန်စေလွှတ်ပြီး လက်မှုပညာရှင်/အလုပ်ရှင် များထံမှ အတတ်ပညာ သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူစေခြင်းဖြစ်သည်။ ၎င်းတို့အနေနှင့် ကျောင်းတက်ရန်မလိုပါ။ ကားစက်ပြင်ဆရာ၊ လက်သမားများ၊ ပိုက်ပြင်သမား၊ လျှပ်စစ်ကျွမ်းကျင်သူများ၊ ပြင်ဆရာများနှင့် အခြားသော ပညာရှင်များသည် အချို့ပညာဗဟုသုတပါရှိကြပြီး ကလေးသူငယ်များထံသို့ ၎င်းတို့၏ပညာရပ်များ၏ကို နှစ်နှင့်ချီ၍ ဖြည်းဖြည်းချင်း သင်ကြားပေးနိုင်ကြသည်။ ၎င်းတို့ကြိုးပမ်းအားထုတ်ရာတွင် လက်ရှိအသုံးပြုနေသော စနစ်များကို အသစ်မိတ်ဆက်ထွက်ပေါ်လာသည့် နည်းပညာများဖြင့် ဖြည့်စွက်နိုင်ရန်အတွက် ပြင်ပမှ သီအိုရီပိုင်းဆိုင်ရာ သွင်းအားစုပညာများနှင့် ထပ်မံဖြည့်တင်းနိုင်သည်။ ဤပုံစံ ကနဦး မိတ်ဆက်လုပ်ဆောင်ခြင်းသည် ကလေးသူငယ်များနှင့် အလုပ်ရှင်များနှစ်ဖက်လုံးကို ရည်ရွယ်ပြီး၎င်းတို့၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများကိုလည်း ချိန်ညှိနိုင်ရန်ရည်ရွယ်သည်။ သို့သော် အလုပ်သင်စနစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အနေအထားတစ်ခုမှာ လုပ်အားခမရခြင်းဖြစ်နိုင်ပေသည်။ ထိုအလုပ်သင်စနစ်သို့ ပါဝင်သော ငယ်ရွယ်သူများအတွက် ၎င်းတို့၏လုပ်ငန်းတွင်း ကြိုးပမ်းမှုများအား ချီးမြှင့်ပေးအပ်မှုမျိုး ရှိနေစေရန် လုပ်ဆောင်ကြိုးပမ်းရမည်။

## အခြေအနေပေါ်မူတည်၍ငွေကြေးထောက်ပံ့ခြင်း

ဤပုံစံကနဦးစတင်မှုမျိုးသည် လတ်တလောကျောင်းထွက်ထားပြီး အလွယ်တကူပြန်လည် ထူထောင်နိုင်သော သို့မဟုတ် မိသားစုဝင်ငွေတိုးစေရန်အတွက်ကျောင်းထွက် အလုပ်လုပ်တော့မည့် အနေအထား တွင်ရှိနေသော ပို၍ငယ်ရွယ်သည့် ကလေးများ၏ မိသားစုများ/မိခင်များအတွက် အသင့်တော်ဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ထို့အပြင်ဤစနစ်သည် ၎င်းတို့၏ကလေးငယ်များကို အနာဂတ်ကာလတွင် အလုပ်အကိုင်ရရှိစေရန် ကျွမ်းကျင်မှုအတတ်ပညာများကို သင်ကြားပေးမည့် သင်တန်းများ တက်ရောက်ခွင့်ပြုသော်လည်း ထိုသင်တန်းတက်ရောက်နေချိန်တွင် လျော့ပါးသွားမည့် ထိုကလေး၏ ဝင်ငွေအစား မိသားစုအတွက် ခုခံပေးနိုင်ရန် အသုံးပြုနိုင်သည်။

## စာသင်ကျောင်းအခြေပြု အလုပ်သင်ခန့်အပ်ခြင်း

ဤကဲ့သို့သော ကနဦးသင်တန်းများတွင် ပညာရေးဆိုင်ရာအဖွဲ့အစည်း၊သင်တန်းကျောင်းများသည် အခြေခံပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို ပေါင်းစပ်ပေးရန်လိုအပ်ပြီး ကလေးများအနေဖြင့် ၎င်းတို့နှစ်ခြိုက်ပြီး ဒေသ/နိုင်ငံ၏လိုအပ်ချက်နှင့်လည်း ကိုက်ညီသော အတတ်

ပညာ/ အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးနိုင်ရန်လိုအပ်သည်။ ဤပုံစံများသည် အထက်တန်းအဆင့်ကျောင်းသား/သူများအတွက်အကောင်းဆုံးဖြစ်ပြီး ကျောင်းထွက်ရတော့မည့် အနေအထားဖြစ်နေသော ကလေးများအတွက် အသုံးဝင်သည်။

ကလေးငယ်များ၏ဝင်ငွေသည် အိမ်ထောင်စုများအတွက် အရေးပါနေပြီး ထိုကလေးသူငယ်၊ ၎င်းတို့၏ မိသားစုများနှင့် အလုပ်ရှင်များသက်ဆိုင်သူ "အားလုံးကိုလွှမ်းခြုံပေးနိုင်သည့်နည်းစနစ်" ကို မိသားစု များရှင်သန်နေထိုင်ရန်အတွက် ရုန်းကန်နေကြရသော၊ ကလေးသူငယ်အလုပ်သမားများ ကျယ်ပြန့်ပျံ့နှံ့ ဖြစ်ပေါ်နေသော လှိုင်သာယာတွင် ဆောင်ရွက်သင့်ကြောင်း ထောက်ခံတင်ပြလိုသည်။ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အမြင့်ဆုံးရရှိနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာသင်တန်းများတွင် အသိအမြင်ရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်းများကိုပါ တပါတည်း လုပ်ဆောင်သင့်ပေသည်။

## ငယ်ရွယ်သူများနှင့် အရွယ်ရောက်သူများကို အလုပ်ခန့်အပ်ခြင်းအား ထောက်ပံ့ကူညီခြင်း

ကလေးသူငယ်အလုပ်သမားများဖြစ်လာရခြင်းတွင် အကြောင်းခံတစ်ရပ်အဖြစ်ယုံကြည်ရသော အတား အဆီးတစ်ခုမှာ အမျိုးသမီးများအနေဖြင့် အကျိုးဖြစ်ထွန်းပြီး ပုံမှန်ရရှိနေသည့်အလုပ်များတွင် ရင်ဆိုင် နေရသည့် အရာများဖြစ်သည်။ အလုပ်ထဲတွင် ခေါင်းပုံဖြတ်ခြင်းနှင့် အနှောက်အယှက်ပေးခြင်းများ အထူးသဖြင့် လုပ်ငန်းခွင်များသည် အမျိုးသမီးများကို ဝင်ငွေရလုပ်သားများ အနေအထားမှ ဖယ်ရှားပြီး ၎င်းတို့၏ကလေးငယ်များကို လုပ်ငန်းခွင်အတွင်းသို့ တွန်းပို့သည့် အကြောင်းရင်းတစ်ရပ်ဖြစ်စေသည်။ ချင်းမိုင်တက္ကသိုလ်မှ သုတေသနစာတမ်းတစ်ခုအရ လှိုင်သာယာတွင် "စက်ရုံအလုပ်များသည် တရားမျှတမှုမရှိ၊ မလုံခြုံ၊ ခေါင်းပုံဖြတ်သည့်အပြင် လုပ်ခအနည်းငယ်သာပေးသည်" ဟုဖော်ပြထားပြီး ရုပ်ပိုင်းဆိုင်ရာစော်ကားမှုများဖြစ်သော လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပေးမှုများကို တွေ့ကြုံရပြီး အလုပ်ရှင်များမှ အချိန်ပိုကြေးပေးရန် ငြင်းဆိုခြင်း (သို့မဟုတ်) လုပ်ခလစာများကို မမှန်မကန်ပေးခြင်း အစရှိသည့် လုပ်ခလစာဆိုင်ရာ ပြဿနာများကိုလည်း တွေ့ကြုံကြရသည်။[44]

မိသားစုအစုလိုက် သို့မဟုတ် မိသားစုတွင်းမှ အမျိုးသမီးများကို ကနဦးစတင်ကူညီမှုများမှ ဦးတည် ကူညီထောက်ပံ့ခြင်းသည် အလုပ်လုပ်နေသည့်ကလေးငယ်၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေသည်။ မိခင်များ၊ များသောအားဖြင့် အိမ်ထောင်ရှင်မများ သို့မဟုတ် ကျပန်းလုပ်သားများကို လုံခြုံကောင်းမွန် ပြီးပုံမှန်ဝင်ငွေရရှိစေသည့်အလုပ်များရရှိရန်အကူအညီပေးနိုင်ပါက ငယ်ရွယ်သည့်ကလေးငယ်များကို အရွယ်မတိုင်ခင်လုပ်ငန်းခွင်သို့ ဝင်ရောက်ကြခြင်းများမှ တားဆီးနိုင်ပေလိမ့်မည်။ အလုပ်သမား စစ်ဆေးရေးစနစ်ကိုလည်း အသိအမှတ်ပြုသတ်မှတ်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လုပ်ငန်းခွင်

[44] ချောချော၊ "မြန်မာနိုင်ငံတွင် မြို့ပြအထည်ချုပ်စက်ရုံများသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော ကျေးလက်အမျိုးသမီးများ". In Mingsarn Kaosaard & J.Dore (Eds.), မဲခေါင်ဒေသအတွက်စိမ်ခေါ်မှုများ (စာမျက်နှာ ၂၀၃-၂၂၄) ချင်းမိုင်၊ ထိုင်းနိုင်ငံ။ လူမှုရေးရာသုတေသနအသင်း၊ ချင်းမိုင်တက္ကသိုလ်၊ ၂၀၀၃၊ စာမျက်နှာ ၂၁၅။

အတွင်း အမျိုးသမီးများရင်ဆိုင်နေရသည့် အခက်အခဲများကို နားလည်သိရှိအောင် မြှင့်တင် ဆောင်ရွက်ခြင်းစသဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နိုင်ပါက အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ သင့်လျော်ကောင်းမွန်သော အလုပ်ပုံစံများကို သတ်မှတ်ရန်နှင့် မြှင့်တင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးများနှင့်ချိတ်ဆက် ကြိုပမ်းရမည်ဖြစ်သည်။ ဥပမာအားဖြင့် ကလေးများ၏ လိုအပ်ချက်များ၊ ပြုစုရသည့်တာဝန်များကို ဖြည့်ဆည်းပေးနိုင်သောအလုပ်များသည် ကလေးသူငယ် အလုပ်သမားများ လည်ပတ်ဖြစ်ပေါ်နေသည်ကို တားဆီးရာတွင် အဟန့်အတားဖြစ်စေမည်ဖြစ်သည်။

အမျိုးသားများ အလုပ်အကိုင်ရရှိရေးသည်လည်း အရေးကြီးသည်။ အမျိုးသားများသည် မိသားစု၏ အိမ်ထောင်ဦးစီးများဖြစ်ပြီး ၎င်းတို့ သေဆုံးခြင်း၊ ဖျားနာခြင်း သို့မဟုတ် ကွဲကွာနေခြင်းနှင့် ဝင်ငွေရရှိအောင်မရှာနိုင်ခြင်း အစရှိသည့် ပျက်ကွက်မှုများသည်လည်း ကလေးသူငယ်အလုပ်သမားဖြစ်ပေါ်စေသည်။ အတည်မပြုနိုင်သော အရပ်စကားများမှ ညွှန်ပြနေသည်မှာ အမျိုးသားများသည် လုပ်ငန်းခွင်အတွင်း အမျိုးသမီးများနှင့် နောက်ယှက်မှုများကို မခံစားရသော်လည်း အလုပ်အကိုင်မသေချာမှု၊ အလုပ် ပုံမှန်မရရှိမှုနှင့်/သို့မဟုတ် လုပ်အားခမလုံလောက်မှုနှင့် ခေါင်းပုံဖြတ်ခံရခြင်းများကို တရားတဘောင် နှင့် စွဲဆိုမတောင်းခံနိုင်ခြင်း အစရှိသည့်ပြဿနာများကို ရင်ဆိုင်ကြရသည်။

မိခင်နှင့်ဖခင်နှစ်ဦးလုံးသည် ၎င်းတို့၏ ကလေးများလုပ်သားဖြစ်မသွားစေရန်အတွက် အလုပ်အကိုင်ရှိပြီး လုံလောက်သောဝင်ငွေရှိရန်လိုသည်။ လှိုင်သာယာတွင် ကလေးသူငယ်အလုပ်သမားဆိုင်ရာများကို ကာကွယ်နိုင်ရန်အတွက် အမျိုးသမီး၊ အမျိုးသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်စေနိုင်မည့် ကျွမ်းကျင်မှု အတတ်ပညာများကို ကနဦးဆောင်ရွက်မှုများတွင် ရည်ရွယ်ဆောင်ရွက်သွားနိုင်ပါက ထပ်ဆောင်းအကျိုးရှိမည်ဖြစ်သည်။

## ရပ်ရွာအတွင်း အသိအမြင်ရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်း

ရပ်ရွာအတွင်းအသိအမြင်ရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်းသည် ကလေးသူငယ်အလုပ်သမားပပျောက်စေရန်အတွက် ဘက်ပေါင်းစုံအကျိုးရှိစေသော ချဉ်းကပ်မှုပုံစံ၏ တစ်စိတ်တစ်ပိုင်းဖြစ်စေနိုင်သည်။ မိဘများ၊ ဆရာ/ဆရာမများ၊ ရပ်ရွာခေါင်းဆောင်များ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အလုပ်ရှင်များ၊ အရွယ်ရောက်ပြီး အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများ၊ ပြည်သူ့ရဲနှင့် အခြား ဒေသဆိုင်ရာ သက်ဆိုင်သူများစုစည်း၍ ကလေးသူငယ်အလုပ်သမား၏ ဘေးအန္တရာယ်နှင့် ရေရှည်ဖြစ်ပွားနိုင်သော ပြဿနာများကို ဆွေးနွေးတိုင်ပင်မှုအစည်းအဝေးများလုပ်နိုင်သည်။ ထိုလုပ်ငန်းကို ဖြစ်ပွားနေသည့် ကိစ္စများကို နားလည်သဘောပေါက်မှု မြှင့်တင်ရန်နှင့် ဖြေရှင်းရန် နည်းလမ်းများကို ဘုံသဘောတူ ရှာဖွေကြခြင်းများအား အားပေးတိုက်တွန်းနိုင်ရန်အတွက် နီးကြားစွာ ဆောင်ရွက်လုပ်ဆောင်သင့်ပေသည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် တရားဥပဒေအား လေးစားလိုက်နာစေခြင်း

ဤလေ့လာမှုမှ တွေ့ရှိရသည်မှာ ကလေးသူငယ်အလုပ်သမားများအတွက် လက်ရှိစောင့်ကြည့် လေ့လာခြင်းနှင့် တရားဥပဒေလေးစားလိုက်နာစေခြင်းသည် လုံးလုံးလျားလျား ထိရောက်မှုမရှိဘဲ၊ အထူးသဖြင့် မပြတ်သားသည့်ဥပဒေအကြောင်းချင်းရာများနှင့် ရွေးချယ်ရန်မရှိသည့်အနေအထား များကြောင့်ဖြစ်သည်။ မေးမြန်းခဲ့သည့် စုံစမ်းစစ်ဆေးရေးဝန်ထမ်းတစ်ဦးမှ ပြောကြားသည်မှာ ကလေး များကိုငင်းတို့၏ အလုပ်ခွင်များမှဖယ်ရှားရန် မဖြစ်နိုင်ဘဲ မိသားစုများ ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးဝါးသွား စေမည့် ထိုသို့လုပ်ဆောင်မှုများကို ကလေးမိဘများက ဆန့်ကျင်ကြလိမ့်မည်ဟု ဆိုသည်။ ထိုဝန်ထမ်းမှ ထပ်မံပြောကြားသည်မှာ စက်ရုံတစ်ရုံမှ ကလေးတစ်ယောက်ကို ဖယ်ရှားလိုက်ပါက ၎င်း၏မိဘများ သည် အခြားနေရာတွင် များမကြာမီ အလုပ်ပြန်လည်ရှာဖွေပြီး ထိုနေရာတွင် ထပ်မံအလုပ်လုပ်နေ သည်ကို တွေ့ရမည်ဟုဆိုသည်။ အကောင်းဆုံးလုပ်ပေးနိုင်သည့် အချက်မှာ ထိုကလေး အလွန်အကျွံ အလုပ် မပိစေရန်နှင့် လွယ်ကူသောအလုပ်တာဝန်များကိုသာ စေခိုင်းစေခြင်း ဖြစ်သည်။

အနာဂတ်ကာလတွင် ကလေးငယ်များ အလုပ်လုပ်ရန် ရှင်းလင်းသည့် လမ်းညွှန်ချက်များနှင့်အညီ ဥပဒေအသစ်ပြဋ္ဌာန်းပေါ်ထွက်လာသည်နှင့် တရားဝင်စောင့်ကြည့်လေ့လာရေးသည့်စနစ်သည် အား ကောင်းလာနိုင်ပြီး နေရာတွင် စောင့်ကြည့်လေ့လာခြင်း ပြုလုပ်ရန်အလုပ်သမား စစ်ဆေးရေးအရာ ရှိများသည်လည်း လုပ်ပိုင်ခွင့်ရှိသည့် အတိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပုံစံတကျမဟုတ်သည့် ကဏ္ဍပါအကျုံးဝင်သော ရပ်ရွာအခြေပြု စောင့်ကြည့်လေ့လာခြင်းအား တိုးတက်စေရမည်။

## ထပ်မံလုပ်ဆောင်ရမည့်သုတေသနလုပ်ငန်း

လှိုင်သာယာရှိ ကလေးသူငယ်အလုပ်သမားဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ ကောင်းစွာ နားလည် သိရှိနိုင်ရန် သုတေသနများထပ်မံပြုလုပ်ရန်လိုအပ်သည်။ ကလေးသူငယ် အလုပ်သမားနှင့် ပတ်သက်၍ လေ့လာခဲ့သောမြို့နယ်အတွင်း တွေ့ရှိခဲ့သည့် အဓိကကိစ္စရပ်များမှာ အရွယ်ရောက်သူများ ၏ အလုပ်အကိုင် အခြေအနေများ၊ ကလေးများ/လူငယ်များအတွက် ပညာရေး၊ သင်တန်းကျောင်းများ ရရှိနိုင်မှုနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းတို့ဖြစ်သည်။ ဆွေးနွေးမှုနှင့် ခွဲခြမ်းလေ့လာမှုများမှ ပေါ်ထွက်လာ သည့် အခြားသောကိစ္စရပ်များမှာ ကလေးသူငယ်အလုပ်သမားများ၏ ရွှေ့ပြောင်းသွားလာမှု၊ ကလေး သူငယ်အလုပ်သမား အလုပ်ထွက်နှုန်းများ၊ လမ်းပေါ်ကလေးများ၏ နေထိုင်ခြင်းနှင့် အလုပ်လုပ်ရသော အခြေအနေများ၊ ကလေးများရရှိနိုင်သည့် အလုပ်အမျိုးအစားများ ဖြစ်သည်။ သတ်မှတ်ဇရိယာအတွင်း သီးသန့်သုတေသနပြုလုပ်ခြင်းသည် လှိုင်သာယာမြို့နယ်အတွင်း ကလေးသူငယ်အလုပ်သမား ပပျောက်ရန်အတွက် ဦးတည်ဆောင်ရွက်မည့် ကြားဝင်ကူညီမှု အတွက် ဒေသခံအကျိုးဆိုင်သူများနှင့် ထောက်ပံ့ကူညီမည့် အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ သင့်လျော်သည့် စီစဉ်ရေးဆွဲမှုများ ပြုလုပ်နိုင်စေမည်ဖြစ်သည်။

## ရည်ညွှန်းချက်များ


1. Bosson, A. (2007). *Forced migration/internal displacement in Burma with an emphasis on Government-controlled areas*, Internal Displacement Monitoring Center (IDMC), Norvegian Refugee Council.
2. Bourdillon, M.; Levison, D.; Myers, W.; White, B. (2010). *Rights and wrongs of children's work.* Rutgers University press. (New Brunswick, New Jersey and London).
3. Boutry, M. (2014). *Urban Poverty in Yangon Great City – A Qualitative Study of Urban Poverty, Its Causes and Consequences*, p. 30. WFP, UNICEF, UN-HABITAT.
4. CESVI (2014). *The Involvement of Minors in Solid Waste Management in Yangon,* Research conducted for CESVI in February and March 2014. Available at: http://www.swmproject.eu/wp-content/uploads/Research-Olivia.pdf.
5. Chaw Chaw (2003). Rural women migrating to urban garment factories in Myanmar. In *Mingsarn Kaosaard & J. Dore* (Eds.), Social challenges for the Mekong region (pp. 203–224). Social Research Institute, Chiang Mai University (Chiang Mai, Thailand).
6. Human Rights Watch (2014). Toba*cco's Hidden Children: Hazardous Child Labour in US Tobacco Farming*. Available at: https://www.hrw.org/sites/default/files/reports/us0514_UploadNewNew.pdf.
7. IPEC (2006). *Practical guide to child labour reporting.* (Geneva, ILO and Turin, ITC).
8. IPEC and SIMPOC (2005). *Manual on child labour rapid assessment methodology*. (Geneva, ILO and UNICEF).
9. Lieten, G.K. (2008). *Children, Structure and Agency: Realities across the developing world.* Routledge Series in Development and Society (Book 16).
10. Lubeigt, Guy (2007). Industrial zones in Burma and Burmese labour in Thailand, *Burma Update Conference*, Australian National University. Available at: http://www.burmalibrary.org/docs4/BU-2006-Lubeigt.pdf.
11. Nieuwenhuys, O. (2005). The wealth of children: Considering the child labour debate, in *Studies in Modern Childhood. Society, Agency, Culture*, ed. Jens Qvortrup. Palgrave Macmillan, pp. 167-183. (Houndmills, Basingstoke, Hampshire, New York).
12. Noe Noe Aung (2013). In Hlaing Tharyar, illegal residents face tough decisions in *Myanmar Times*. Available at: http://www.mmtimes.com/index.php/national-news/yangon/8182-in-hlaing-tharyar-illegal-residents-face-tough-decisions.html.
13. Save the Children (2013). *A cost of diet analysis in the peri-urban township of Hlaingthayar, Myanmar.*
14. Save the Children (2014). *Hlaing Thar Yar– Urban Household Economy Assessment.*
15. Standish, R. (2014). Child Labour is Declining Worldwide, But It's Thriving in these Six Countries in *Foreign Policy*. Available at: http://foreignpolicy.com/2014/06/12/child-labor-is-declining-worldwide-but-its-thriving-in-these-six-countries/.
16. UNICEF (2012). *Situation analysis of children in* Myanmar, July 2012. Available at: http://www.unicef.org/eapro/Myanmar_Situation_Analysis.pdf.
17. Voice of America (2012). Hundreds of Millions of Children Labour to Survive. Available at: http://www.voanews.com/content/hundreds-of-milliions-of-children-labor-to-survive/1206315.html.
18. Whitehead, A.; Hashim, M.I.; Iversen, V. (2007). *Child Migration, Child Agency and Inter-gernerational Relations in Africa and South Asia.* Working Paper T 24, Sussex Centre for Migration Studies.